ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (30-11-2003) (၄၀၇၀)

အရိယ သစ္စာန ဒဿနံ တေံ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကချင်ပြည်နယ် အထူးဒေသ(၂)မှ ကချင်တိုင်းရင်းသား ခေါင်းဆောင် ဦးလမုန်တူးဂျိုင်နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဿုကာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)



မူဝါဒလမ်းစဉ်(၇)ရပ်ကို ကချင်အထူးဒေသ(၂) ကြိုဆိုထောက်ခံ အမျိုးသားညီလာခံကို စုံစုံညီညီတက်ရောက်ကြမည်ဖြစ်ကြောင်း တင်ပြ

ရန်ကုန် နိုဝင်ဘာ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဿုကာသီရိဗိမာန်ခန်းမ၌ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ကချင်တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဦးလမုန်တူးဂျိုင်၊ ဦးဂျီဇော်ဆိုင်းနှင့် အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များဖြစ်ကြသည့် ဒေါက်တာဆဘွဲ့ဂျမ်းနှင့် ဦးခွန်မြတ်တို့အား လက်ခံတွေ့ဆုံသည်။

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်၌ စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအတွက် တည်ဆောက်လျက်ရှိသည့် လက်ပန်ရေလှောင်တမံတွင် သတ်မှတ်ရေထက်ပိုလာသောရေများကိုလွှဲထုတ်ရန် ဆောက်လုပ်ထားသည့် ရေပိုလွှဲကို အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ–သွင်အေး(ကြေးမုံ) (ကျော်စိန်၏သတင်းဆောင်းပါးကို စာမျက်နှာ–၁၃ တွင်ဖော်ပြထားပါသည်။)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ကြိုဆိုထောက်ခံ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်၍ ကြိုဆိုထောက်ခံပါကြောင်းနှင့် အမျိုးသားညီလာခံကိုလည်း စုံစုံညီညီ တက်ရောက်ကြမည်ဖြစ်ကြောင်းဖြင့် ပထမဦးစွာတင်ပြသည်။

ဆက်လက်၍တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၃၀-၁၁-၂၀၀၃
(တနင်္ဂနွေနေ့)

ရေသယံဇာတများ အကျိုးရှိရှိ သုံးစွဲ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးဖြစ်ထွန်းသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းများစွာလည်းရှိသည်။ သဘာဝမြေဆီ ဩဇာကြွယ်ဝသော်လည်း စိုက်ပျိုးရေအခက်အခဲရှိမှုကြောင့် ရာသီအလိုက် သီးနှံစုံစိုက်ပျိုးနိုင်ခြင်းမရှိသော ဒေသများစွာလည်း ရှိနေသည်ကို တွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးအတွက် ရေသယံဇာတ အရင်းအမြစ်များကို ခေတ်မီနည်းပညာများဖြင့် ဖော်ထုတ်အသုံးပြုလျက်ရှိသည်။ ရေမြေဒေသအခြေအနေပေးမှုများအရ ဆည်မြောင်း၊ တာတမံစီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိရာ လယ်မြေဧက နှစ်သန်းကျော်တွင် စိုက်ပျိုးရေးအတွက် အကျိုးပြုနိုင်လျက်ရှိသည်။

ထို့အပြင်မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများကိုလည်း ဖော်ဆောင်ပေးလျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လာနိုင်သည်ကို တွေ့မြင်နေရသည်။

အချို့သောဒေသများတွင် ရေလှောင်တမံဘက်စုံစီမံကိန်းကြီးများကို တည်ဆောက်လျက်ရှိရာ စိုက်ပျိုးရေးအတွက် သာမက ရေအားလျှပ်စစ်ပါ တွဲဖက်ထုတ်လုပ်နိုင်ကြမည် ဖြစ်သည်။ ပဲခူးတိုင်းအတွင်းရှိ အကောင်အထည်ဖော် တည်ဆောက်ဆဲ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ဖြူးရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းများသည် စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးတို့အတွက် အားထားရမည့် စီမံကိန်းကြီးများဖြစ်သည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်အတွင်း ၁၉၉၅ ခုနှစ်ကတည်းက တည်ဆောက်ခဲ့သည့် ငမိုးရိပ်ရေလှောင်တမံကြီးသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကိုအကျိုးပြုနိုင်ရုံမျှမက မြို့တော်ရန်ကုန်အတွက် သောက်သုံးရေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လျက်ရှိသည်။ လက်ရှိ အခြေအနေတွင် စိုက်ပျိုးရေးအတွက် ရေဧကပေ နှစ်သိန်းကျော်နှင့် တစ်နေ့ ရေဂါလန် သန်း ၉၀ သောက်သုံးရေအဖြစ် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယခုတစ်ဖန် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဘွက်ကြီးကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသည့် မဟူရာ (ငမိုးရိပ်ရေကူ) ရေလှောင်တမံကို နိုဝင်ဘာလ ၂၆ ရက်နေ့က ထပ်မံဖွင့်လှစ်လိုက်ကြောင်း သတင်းကောင်းကြားသိရ ပြန်သည်။ အဆိုပါ ရေလှောင်တမံသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၁၅၄ ခု မြောက် ဖွင့်လှစ်ခဲ့သည့် ရေလှောင်တမံဖြစ်သည်။

မဟူရာ(ငမိုးရိပ်ရေကူ) ရေလှောင်တမံကို စိုက်ပျိုးရေးအတွက် သာမက ရန်ကုန်မြို့တော်သို့ ရေဖူလုံစွာပေးဝေနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းသည် နှစ်စဉ် မိုးစပါးဧက ၁၁ သိန်းခုနစ်သောင်းကျော်နှင့် နွေစပါးဧက နှစ်သိန်းငါးသောင်း စိုက်ပျိုးလျက်ရှိသည်။ ယခုတည်ဆောက်ဖွင့်လှစ်လိုက်သည့် မဟူရာရေလှောင်တမံက ရန်ကုန်တိုင်း၏ စပါးသီးနှံစိုက်ပျိုးရေးကို အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာစေမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရေး၊ နှစ်ပတ်လည်စိမ်းလန်းစိုပြည်လှပရေး စီမံကိန်းကို ချမှတ်အကောင်ထည်ဖော်လျက်ရှိရာ ပဓာနကျသည့် စိုက်ပျိုးရေရရှိရေးကို မဟူရာ(ငမိုးရိပ်ရေကူ) ရေလှောင်တမံက အထောက်အကူပြုဖြည့်စွမ်းပေးသွားနိုင်မည် ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးတွင် အဓိကလိုအပ်နေသည့် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။လယ်ယာသုံးစက်ကိရိယာများ၊ တစ်ဧကအထွက်နှုန်းကောင်းသည့် သီးနှံမျိုးစေ့များ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်ချက်များကို ဘက်ပေါင်းစုံမှ ပံ့ပိုးကူညီပေးလျက်ရှိသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်က ငွေကြေး၊အတတ်ပညာ များစွာ ရင်းနှီးစိုက်ထုတ်ဖြည့်ဆည်းပေးထားသည့် ရေသယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိ ထိထိရောက်ရောက် သုံးစွဲပြီး တစ်နှစ်ပတ်လုံး သီးနှံစုံ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသမီးဆရာဝန်များအဖွဲ့ သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးမြင့်နှင့် ပြည်တွင်း၊ပြည်ပမှ ပါမောက္ခဆရာဝန်ကြီးများ၊ အမျိုးသမီးဆရာဝန်များ၊ အဖွဲ့ဝင် ဆရာဝန်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီး ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ရီရီလှက ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂါရဝပြု

ထို့နောက် ကန်တော့ခံအသက်(၇၀)နှင့်အထက် ဆရာကြီး၊ဆရာမကြီး ၃၁၀ဦးအား ဂါရဝပြုကန်တော့ကြသည်။

ဆက်လက်၍ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိသူများက တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဗိုလ်မှူးကြီးလှဟန်(အငြိမ်းစား)က ဆုံးမဩဝါဒစကားပြောကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၁) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာတုန်းတာကုန်စည်ပြပွဲ-၂၀၀၃ စတုတ္ထနေ့ ကြည့်ရှုသူများ အထူးစည်ကား

ရန်ကုန် နိုဝင်ဘာ ၂၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုး ကူညီမှုဖြင့် ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင်ယနေ့ စတုတ္ထနေ့အဖြစ် ဆက်လက် ပြသလျက်ရှိသော မြန်မာတုန်းတာ ကုန်စည်ပြပွဲ-၂၀၀၃သို့ လာရောက်ကြည့်ရှုသော စက်မှုလက်မှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ ပြပွဲတွင် ဂျပန်၊ အမေရိကန်၊ အင်္ဂလန်၊ စင်ကာပူ၊ ကိုရီးယား၊ ဂျာမနီ၊ ပြင်သစ်၊ ဩစတြေးလျ၊ ဘရာဇီး၊ တရုတ်၊ စပိန်၊ အီတလီ၊ အင်ဒိုနီးရှား နိုင်ငံ ပေါင်းစုံမှ တင်သွင်းသော Pentel, Carl, Max, Midori, Sam Wang, Taeyang, Hello Kitty, Comix, Helix, Panacoအမှတ်တံဆိပ် ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာအမျိုးမျိုး၊ My Shaldan, ARS, Kobayashi အမှတ်တံဆိပ် ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံး ရေမွှေးများ၊ Oriental Koshin အမှတ်တံဆိပ် လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊Makita, Maktec အမှတ်တံဆိပ် လက်သမားသုံးပစ္စည်းများ၊ Turtle Wax အမှတ်တံဆိပ် ကားပေါ်လစ်များ၊ WD-40 အမှတ်တံဆိပ် သံချေးချွတ်ဆေးများ၊ Granja Lawnmover, Kaaz အမှတ်တံဆိပ် မြက်ရိတ်စက်များ၊ V-Tech, Oci, Orgafix အမှတ်တံဆိပ် ကော်အမျိုးမျိုး၊ Stihl တံဆိပ် သစ်ဖြတ်စက်များ၊ Ercolina အမှတ်တံဆိပ် အလုမီနီယမ်လှေကားများ၊ Yamaha အမှတ်တံဆိပ် မီးစက်များ၊ အင်ဂျင်အမျိုးမျိုးတို့အပြင် အထည်အလိပ်အမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်း အမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ကုန်ပစ္စည်းသရုပ်ပြ ရှင်းလင်းပွဲနှင့်အတူ ခင်းကျင်းပြသလျက်ရှိပြီး ပြပွဲကို နိုဝင်ဘာ ၃၀ရက် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်သည်။

(သတင်းစဉ်)

အိမ်မဲ အထက အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၉

(၁၄)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကိုဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် အိမ်မဲ အထက ရွှေညီလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ဆရာ၊ ဆရာမများအပူဇော်ခံ ကြွရောက်ကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများလည်း တက်ရောက်၍ အလှူငွေများထည့်ဝင်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ အပူဇော်ခံဆရာ၊ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် ပူဇော်ပွဲတက်ရောက်မည့်သူများအတွက် မော်တော်ယာဉ်ကို ဒီဇင်ဘာ၂၇ရက် (စနေနေ့)နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ သခင်မြပန်းခြံ Western Park ရှေ့၌ စီစဉ်ထားကြောင်းသိရသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှ အပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ခုနှစ်၊ နိုဝင်ဘာလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၃၀-၁၁-၂၀၀၃)ရက်နေ့
၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလအတွက်
(၁၄-၁၂-၂၀၀၃)ရက်နေ့ နှင့် (၂၈-၁၂-၂၀၀၃)ရက်နေ့

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြှောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

တည်ငြိမ်အေးချမ်းမှုရရှိရန်တောင်းဆို

အီရတ်နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုရရှိရန် တောင်းဆိုသည့် ဆန္ဒပြပွဲတစ်ရပ်ကို မြို့တော်ဘဂ္ဂဒက်တွင် နိုဝင်ဘာ ၂၈ ရက်က ကျင်းပစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ဆိုးရွားနေမှုကို ကန့်ကွက်သည့်အနေဖြင့် မြို့တော်ဘဂ္ဂဒက် မြို့လယ်ရှိ ရင်ပြင်တွင် နိုဝင်ဘာ ၂၈ ရက်က ကျင်းပသည့် ဆန္ဒပြပွဲ၌ ခုခံတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ အီရတ်လူမျိုးတစ်ဦး၏ ညီဖြစ်သူက ၎င်း၏အစ်ကို ရုပ်ပုံကို ကိုင်ဆောင်ကာ ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်လုံခြုံရေးအခြေအနေ ဆိုးရွားမှုကို ကန့်ကွက် ဘဂ္ဂဒက်မြို့တော်တွင် အီရတ်ပြည်သူများ ဆန္ဒပြ

အီရတ်နိုင်ငံသား ကလေးငယ်များ ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ၁၅ ကီလိုမီတာ(၈ မိုင်)ခန့် အကွာရှိ ယူဆူဖီယာဒေသတွင် ဝင်းထရံမှနေ၍ ပေါက်ကွဲမှုများကို ကြည့်ရှုနေကြစဉ်။

(အမေရိကန် တပ်ဖွဲ့ဝင်များက ပြောက်ကျားများအား တိုးမြှင့်၍ တိုက်ခိုက်မှုအသစ်များ ပြုလုပ်နေချိန်ဝယ် ဘဂ္ဂဒက် အနောက်ပိုင်းဒေသတွင် သောကြာနေ့ညက ပေါက်ကွဲမှုများ မြည်ဟိန်းသွားခဲ့သည်။)

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror — အီရတ်မြင်ကွင်း

ရှာဖွေစစ်ဆေး

အီရတ်နိုင်ငံ၏ လုံခြုံရေး အခြေအနေ ဆိုးရွားနေဆဲမှာပင် ယင်းနိုင်ငံအား ကျူးကျော်သိမ်းပိုက်ထားသော အမေရိကန် အုပ်ချုပ်ရေးအဖွဲ့သည် အီရတ်လူမျိုးစုခေါင်းဆောင်များ၏ ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

အီရတ်လူမျိုးများထံ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရေးဆိုင်ရာ အမေရိကန်၏ အစီအစဉ်ကို ၎င်းတို့က ကန့်ကွက်ကြသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံထားရသော ခင်ပွန်းသည်များအား နိုဝင်ဘာ ၂၆ ရက်က လာရောက်တွေ့ဆုံကြသည့် အီရတ်လူမျိုး အမျိုးသမီးများကို အီရတ်ရဲတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီတလီစစ်ရဲတပ်ဖွဲ့ဝင်များစောင့်ကြပ်

အသေခံဗုံးခွဲ တိုက်ခိုက်သူနှစ်ဦး၏ ဗုံးခွဲတိုက်ခိုက်မှုနှင့် တွေ့ကြုံခဲ့ရသော နာဆီရီယာမြို့ရှိ အီတလီ စစ်ရဲဌာနချုပ် အဆောက်အအုံဟောင်းအနီးတွင် အီတလီ စစ်ရဲတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေကြစဉ်။

ဓာတ်ပုံ–အင်တာနက်

အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များအတွင်း မိမိကိုယ်မိမိ အဆုံးစီရင်မှု တိုးပွားလာနေ

ဘဂ္ဂဒက်   နိုဝင်ဘာ   ၂၉

အမေရိကန်တပ်ဖွဲ့ဝင်များ မိမိကိုယ်မိမိ အဆုံးစီရင်မှုကိစ္စများ မြင့်တက်လာနေမှုကြောင့် တပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ ရဲဘော်များအား စောင့်ကြည့်ကြရန် အမေရိကန်တပ်မှူးက ကြာသပတေးနေ့တွင် သတိပေး ပြောကြားလိုက်သည်။

မိတ်ဆွေအချင်းချင်း စူးစမ်းလေ့လာရန် ဒုတိယဗိုလ်မှူးကြီး ဟယ်ရီနန့်ဇ် က တပ်ဖွဲ့ဝင်များအား ကြာသပတေးနေ့က ပြောကြားပြီး ၎င်းတို့ စိတ်ဓာတ်ကျဆင်းမှုလက္ခဏာ ရှိ၊ မရှိကို မျက်ခြည်မပြတ် စောင့်ကြည့်ရန် ၎င်း၏ တပ်ဖွဲ့ဝင်များအား တိုက်တွန်းလိုက်သည်။

စုံစမ်းစစ်ဆေး

ဧပြီလ နောက်ပိုင်းကတည်းက အမေရိကန်ကြည်းတပ်မှ တပ်ဖွဲ့ဝင် ၁၅ဦးနှင့် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး စုပေါင်း ၁၇ဦးထက်မနည်း အီရတ်နိုင်ငံတွင် ၎င်းတို့ကိုယ်၎င်းတို့ အဆုံးစီရင်ခဲ့ကြကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ မိမိကိုယ်မိမိ အဆုံးစီရင်မှု ဖြစ်ဖွယ်ရှိသည့် ပြဿနာများ အပါအဝင် တိုက်ခိုက်မှုမဟုတ်ဘဲ သေဆုံးမှု နှစ်ဒါဇင်ထက်မနည်းသည့် ပြဿနာများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကြည်းတပ်သေဆုံးမှု အစီရင်ခံစာများအရ သိရသည်။

စေလွှတ်ခဲ့

အမေရိကန်တပ်ဖွဲ့ဝင်များ၏ စိုးရိမ်ကြောင့်ကြမှုနှင့် စိတ်ဓာတ် ကျဆင်းမှုများကို နိုင်နင်းစွာ ကုသနိုင်ရန်အတွက် စစ်ဘက်က လူ၁၂ဦးပါ စိတ်ကျန်းမာရေးဆိုင်ရာ အဖွဲ့တစ်ဖွဲ့ကို အီရတ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ အဆိုပါအဖွဲ့၏ လုပ်ငန်းစဉ်များ ပြီးဆုံးသွားပြီး မကြာမီအချိန်အတွင်း ယင်းအဖွဲ့က အကြံပေးမှုများ ပြုလုပ်ဖွယ်ရှိသည်။

တိုက်ခိုက်မှုခံရ

အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းအား အလေးထားလျက် အမေရိကန်စစ်ဘက် မော်တော်ယာဉ်တန်းတစ်ခုသည် အဘူဂါရက်မြို့အနီး ဘဂ္ဂဒက်အနောက်ပိုင်းရှိ အထင်ကရ အဝေးပြေး လမ်းမပေါ်တွင် ကြာသပတေးနေ့က တိုက်ခိုက်မှုခံရကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ဓာတ်ပုံဆရာတစ်ဦးက မီးလောင်သွားသည့် စစ်ဘက်သုံးယာဉ်တစ်စီးနှင့် ဒါဇင်ချီရှိသောမြို့ခံလူများက မော်တော်ယာဉ် တာယာနှင့် အခြားယာဉ်အစိတ်အပိုင်းများ ခိုးယူနေပုံကို ဓာတ်ပုံရိုက်သည်။ စစ်ဘက်က ယင်းကိစ္စနှင့် ပတ်သက်၍ သတင်းမရရှိပေ။

အီရတ်မြောက်ဖျားပိုင်းရှိ မိုဆူးလ်မြို့တွင် မည်သူမည်ဝါမှန်းမသိရသော သေနတ်သမားတစ်ဦးက အီရတ် ရဲတပ်ကြပ်ကြီးအား ပစ်သတ်ကြောင်း ဗိုလ်မှူးချုပ်မိုဟာမက်က ပြောကြားသည်။ *အင်တာနက်။*

စစ်ဆေးကြည့်ရှု

အမေရိကန်ကြည်းတပ် အမှတ် (၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များ တီကရစ်မြို့တွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက် စောစောပိုင်းအချိန်က ညပိုင်း ကင်းလှည့်စဉ် အတွင်း အီရတ်နိုင်ငံသားတစ်ဦး၏ စာရွက်စာတမ်းများကိုစစ်ဆေး ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကြောင့် ကမ္ဘာ့နိုင်ငံများ မရေရာမှုများဖြစ်ပေါ် ကျူးကျော်တိုက်ခိုက်မှု မတည်ငြိမ်မှုကို ပေါ်ပေါက်စေ

ကရာကတ်စ်   နိုဝင်ဘာ   ၉

အီရတ်စစ်ပွဲသည် ကမ္ဘာ့နိုင်ငံများအား မသေချာမရေရာမှုများဖြစ်ပေါ်စေပြီး ကမ္ဘာ့ရေနံဈေးကွက်တည်ငြိမ်မှုကို ထိခိုက်ပျက်ပြားစေကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုရှာဗက်ဇ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

- ပေါ်ပေါက်စေ -

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းသည် ယခင်ကပေါ်ပေါက်ခဲ့ခြင်း မရှိသည့် ကြောက်မက်ဖွယ်ရာကောင်းစေသော မတည်ငြိမ်မှုပေါင်းစုံကို ပေါ်ပေါက်စေခဲ့ကြောင်း အီရတ်စစ်ပွဲအား စိုက်လိုက်မတ်တတ်ဆန့်ကျင်ခဲ့သူ ရှာဗက်ဇ်က ပြောကြားသည်။

အီရတ်ရေနံထုတ်လုပ်ရေးကဏ္ဍ၏ အနာဂတ်ရေးတွင် မရေရာမသေချာဖြစ်မှုက ကမ္ဘာ့ရေနံထုတ်လုပ်ရေးဈေးကွက်၏ ဈေးနှုန်းတည်ငြိမ်မှုအား ထိခိုက်ပျက်ပြားစေကြောင်း ရှာဗက်ဇ်က ပြောကြားသည်။

- အသိအမှတ်မပြု -

ကုလသမဂ္ဂက အသိအမှတ်မပြုမချင်း ဗင်နီဇွဲလားနိုင်ငံက အီရတ်ရှိ အပေါင်းပါအာဏာပိုင်အဖွဲ့အား အသိအမှတ်မပြုနိုင်ကြောင်း သမ္မတရှာဗက်ဇ်က ပြောကြားသည်။ ကမ္ဘာ့ပြည်သူလူထုနှင့် အီရတ်ပြည်သူလူထုထံသို့ ငြိမ်းချမ်းရေး ပြန်လည်ရရှိစေရန် ရှာဗက်ဇ်က မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

စိန်ပြောင်းဖြင့် တပ်စခန်းကိုပစ်၍ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး မေ ၁ရက်နောက်ပိုင်း အီရတ်တွင်သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၁၈၅ဦးရှိပြီ

ဘဂ္ဂဒက်   နိုဝင်ဘာ   ၂၈

အီရတ်နိုင်ငံရှိ အမေရိကန်စစ်စခန်းတစ်ခုကို ပြောက်ကျားတို့က စိန်ပြောင်းဖြင့် သောကြာနေ့က တိုက်ခိုက်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားရသည်။

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ အမှတ်(၁၀၁) လေကြောင်းချီတပ်မ အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် သောကြာနေ့က ပစ်ခတ်တိုက်ခိုက်သည့် အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထိမှန်သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောဆိုသည်။

ပစ်ခတ်တိုက်ခတ်

အီရတ်နိုင်ငံ၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘုရှ် မေ ၁ ရက်တွင် ကြေညာပြီးနောက်ပိုင်း အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၁၈၅ ဦး ရှိသွားပြီဖြစ်သည်။ ***အင်တာနက်။***



ဘဂ္ဂဒက်ရှိ အီတလီသံရုံး ဗုဒ္ဓဟူးနေ့ည နှောင်းပိုင်းက ဒုံးကျည်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ထိခိုက်ပျက်စီးခဲ့ပြီးသည့်နောက် နိုဝင်ဘာ ၂၇ ရက်တွင် အဆိုပါ အီတလီသံရုံးတွင် ထိခိုက်မှု အမှတ်အသားများကို မြင်တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟောလိဝုဒ် မင်းသား ရှောင်ပင်း အီရတ်သို့ ပြန်သွားရန် စဉ်းစားနေ

ဆန်ဖရန်စစ္စကို   နိုဝင်ဘာ   ၂၈

ရှောင်ပင်းသည် အီရတ်နိုင်ငံရှိ သတင်းစာအဖွဲ့များနှင့် အဆက်အသွယ် ပြုလုပ်ဖွယ်ရှိကြောင်း၊ မင်းသား ရှောင်ပင်းသည် လွန်ခဲ့သည့် ဆောင်းရာသီက အီရတ်နိုင်ငံသို့ အငြင်းပွားဖွယ်ရာအဖြစ် အလည်အပတ်ခရီး သွားရောက်ခဲ့ပြီး အီရတ်နိုင်ငံသို့ ပြန်သွားရန် စဉ်းစားလျက်ရှိကြောင်း၊ ယခုအကြိမ် သွားရောက်ခြင်းမှာ စစ်ကြောင့် ထောင်းထောင်းကြေနေသည့် အီရတ်နိုင်ငံ၏ လက်ရှိဘဝ အခြေအနေများကို ဆန်ဖရန်စစ္စကို ခရော်နစ်ကယ် သတင်းစာကြီးအတွက် ရေးသားဖော်ပြရန်ဖြစ်ကြောင်းဖြင့် ၎င်းသတင်းစာမှ အယ်ဒီတာ ဖီလ်စဘရွန် စတိန်းက အင်္ဂါနေ့တွင် ပြောကြားသည်။

ရှောင်ပင်းသည် ဘဂ္ဂဒက်မြို့တော်၏ လက်ရှိဘဝ ဓာတ်လမ်းများကို ဒါရိုက်တာတစ်ယောက်နှင့် ရုပ်ရှင်မင်းသားတစ်ယောက်၏ စိတ်ဝင်စားမှုမျိုးဖြင့် စိတ်အားထက်သန်စွာ ရှုမြင်သုံးသပ်ထားကြောင်း ရှောင်ပင်း၏ သူငယ်ချင်းဖြစ်သူ ဘရွန်စတိန်းက ပြောကြားသည်။ ဘရွန်စတိန်းသည် အီရတ်နိုင်ငံသို့ ယခင်နှစ်က ရှောင်ပင်း ခရီးသွားစဉ်အတွင်း ထုတ်ဝေရခြင်း မပြုရသေးသည့် စာမူများကို ဖတ်ဖူးခဲ့သူဖြစ်သည်။

ဘရွန်စတိန်းက ရှောင်ပင်းနှင့် စီစဉ်ထားမှုသည် တရားဝင် မဟုတ်သေးကြောင်း၊ အီရတ်နိုင်ငံသို့ မည်သည့်အချိန်တွင် ပြန်သွားမည်ကို ဆုံးဖြတ်ချက် မချရသေးကြောင်း ပြောကြားသည်။ ရှောင်ပင်းက လွန်ခဲ့သည့် ဆောင်းရာသီတွင် အီရတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ဆက်ဒမ်ဟူစိန်အား ဖယ်ရှားခဲ့သည့် စီစဉ်အကွက်ချထားသော အမေရိကန်တို့၏ စစ်ပွဲနှင့် ပတ်သက်၍ ဝေဖန် ပြောကြားခဲ့ရာမှ အငြင်းပွားဖွယ်ရာပြဿနာ ပေါ်ပေါက်ခဲ့သည်။ *အင်တာနက်။*

ဘဂ္ဂဒက်မြို့တွင် လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲ အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်သုံးစီးကို ထိမှန်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

အမေရိကန်စစ်ဘက်နှင့်သက်ဆိုင်သော ထရပ်ကား သုံးစီးသည် ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက်မြို့ပြင် အရပ်၌ သွားနေစဉ် ပြီးခဲ့သော ကြာသပတေးနေ့က လမ်းပေါ်တွင် ထောင်ထားသော ဗုံးပေါက်ကွဲထိမှန်ခံခဲ့ရသည်။

ထိုသတင်းကို အမေရိကန်များဖွဲ့စည်းပေးထားသော အီရတ်ယာယီအာဏာပိုင်အဖွဲ့က စီအင်န်အင်န် သတင်းဌာနသို့ ပြောကြားခဲ့သည်။

ထိခိုက်မှုမရှိ

ထိုအဖြစ်အပျက်ကြောင့် ထိခိုက်မှုတစ်စုံတစ်ရာ မရှိဟု ဆိုသည်။ လမ်းပေါ်တွင် ထောင်ထားသော ဗုံးသည် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် အဘူးဂရာအဗ်အရပ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

စစ်ထရပ်ကားတစ်စီးနှင့် ကန်ထရိုက် ထရပ်ကားနှစ်စီးတို့မှာ ပေါက်ကွဲမှုကြောင့် မီးလောင်သွားခဲ့ရပြီး အာဏာပိုင်များက အမှတ်(၃) အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ထားလိုက်သည်။

အပစ်ခံရ

ဘဂ္ဂဒက်မြို့ရှိ အီတလီသံရုံး ပြီးခဲ့သောဗုဒ္ဓဟူးနေ့ နှောင်းပိုင်းက လောင်ချာဖြင့်အပစ်ခံခဲ့ရသည့်အတွက် အဆောက်အအုံ၏ ဒုတိယထပ် အနည်းငယ်ပျက်စီးသွားသည်ဟု အီတလီအရာရှိများက ဆိုသည်။

ဖြစ်ပွား

တိုက်ခိုက်မှုမှာ ၁၁ နာရီ မိနစ်၃၀ တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခုလစောစောပိုင်းက အီရတ်တောင်ပိုင်းရှိ အီတလီ ရဲစခန်းကို ကားဗုံးအခွဲခံရ၍ အီတလီ ၁၉ ဦးနှင့် အီရတ် ကိုးဦးတို့ သေဆုံးခဲ့ရသည်ဟုဆိုသည်။ ***အင်တာနက်။***

အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

နိုဝင်ဘာ ၂၈ ရက် က အမေရိကန်စစ်စခန်းတစ်ခုအား မော်တာ စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။ နိုဝင်ဘာ ၂၈ ရက်က ဘဂ္ဂဒက် တောင်ဘက်ကီလိုမီတာ ၁၇၀ အကွာ နာဂျက်ဖ်မြို့တွင် အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြပွဲတစ်ရပ် ကျင်းပစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံမှရရှိသော သင်ခန်းစာ အမေရိကန်ထုတ်ယူနိုင်ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဝေဖန်ပြောဆို

ဘရပ်ဆယ် နိုဝင်ဘာ ၃၀

အမေရိကန်ပြည်ထောင်စုအနေဖြင့် နိုင်ငံစုံနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ကို အီရတ်နိုင်ငံမှ သင်ခန်းစာထုတ်ယူနိုင်ခဲ့ပြီဖြစ်သည်ဟု မိမိမျှော်လင့်ထားကြောင်းဖြင့် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးချုပ်ဟောင်း ဟန်းစ်ဘလစ်ဖ်၏ ပြောကြားချက်ကို ဘယ်လ်ဂျီယန်နိုင်ငံမှ သတင်းစာတစ်စောင်က ဖော်ပြသည်။

ဆက်ဒမ်ဟူစိန်အား အီရတ်နိုင်ငံမှ ထွက်ခွာသွားရန် ရိုးရိုးသားသား မရွေးချယ်နိုင်ခဲ့ကြောင်း ၎င်းကဖော်ပြပါ ဘယ်လ်ဂျီယန်မှ ဒေမော်ဂျင်သတင်းစာအား ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုမှ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင် အခြေချလျက်ရှိနေကြောင်း၊ ၎င်းတို့သည် ယခုအခါ အီရတ်မှမခွာသေးကြောင်း၊ သို့ရာတွင် ၎င်းတို့တွင် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အတွေ့အကြုံများစွာ မရှိသေးကြောင်း ဟန်းဘလစ်ဖ်က ပြောကြားသည်။ ၎င်းအမေရိကန်အနေဖြင့် ကုလသမဂ္ဂ၏အကူအညီများစွာ လိုမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အီရတ်နိုင်ငံမှ သင်ခန်းစာထုတ်ယူပြီး ပူးပေါင်းဆောင်ရွက်ရေးကို လိုအပ်သည်ဟု အသိအမှတ်ပြုရန် မိမိမျှော်လင့်ထားကြောင်း ဘလစ်ဖ်ကပြောကြားသည်။

အီရန်နှင့်ပတ်သက်၍ အီရတ်နိုင်ငံ ပုံစံအတိုင်း လုပ်နိုင်မည်ဟု မိမိမထင်မြင်မိကြောင်းဘလစ်ဖ်က ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အီရတ်ဗိုလ်ချုပ် အဘက်ဟာမက်မိုဟုရ် နေထိုင်သည့်ဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပြင်းထန်သည့် ခုခံတွန်းလှန်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရာ စိတ်ပျက်လက်ပျက်နှင့် ကင်းလှည့်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များအားတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပိုလန်တပ်ဖွဲ့များ စေလွှတ်မှု ပိုလန်ပြည်သူတို့ မလိုလား

ဝါဆော နိုဝင်ဘာ ၂၈

ပိုလန်ပြည်သူ ၆၇ရာခိုင်နှုန်းက အီရတ်သို့ ပိုလန်တပ်ဖွဲ့ဝင်များစေလွှတ်ခြင်းကို ဆန့်ကျင်ကြကြောင်း၊ ယင်းမှာ အီရတ်တွင် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦး မသေဆုံးမီ တစ်လကထက် ၁၀ ရာခိုင်နှုန်း ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သောကြာနေ့ကထုတ်ပြန်သည့် ပြည်သူ့သဘောထား စစ်တမ်းအရသိရသည်။

ပြည်သူ ၁၀၈၈ ဦးအား သဘောထားမေးမြန်းကြည့်ရာတွင် တစ်လကြာကာလအတွင်းတွင် အီရတ်သို့ပိုလန်တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းကို ထောက်ခံသူ ၉ ရာခိုင်နှုန်းကျကာ ၂၈ ရာခိုင်နှုန်းသို့ ရောက်ရှိသွားသည်။

အီရတ်နိုင်ငံတွင် ချောင်းမြောင်းပစ်ခတ်သဖြင့် ပိုလန်တပ်ဖွဲ့ဝင်တစ်ဦး ပထမဆုံးသေဆုံးပြီး နောက်တစ်ရက် နိုဝင်ဘာလ ၇ ရက်မှ ၁၀ ရက်နေ့အထိ ပြည်သူ့သဘောထားများကို စစ်တမ်းကောက်ခံသည်ဟုဆိုသည်။***အင်တာနက်။***

ဗြိတိန်နိုင်ငံက အီရတ်စစ်ပွဲ စရိတ်အဖြစ် ပေါင်ငွေသန်း ၂၀၀၀ ကျော် သုံးစွဲနေရ

လန်ဒန် နိုဝင်ဘာ ၂၈

အီရတ်နိုင်ငံအပေါ် ဆင်နွှဲသောကျူးကျော်စစ်နှင့် သိမ်းပိုက်ရေးစစ်ပွဲအတွက် ဗြိတိန်နိုင်ငံသည် စစ်စရိတ်ပေါင်ငွေ သန်း၂၀၀၀ ကျော် (အမေရိကန်ဒေါ်လာသန်း ၃၄၀၀)ကျခံသုံးစွဲနေရကြောင်း ဖိုင်နင်ရှယ်တိုင်းမ်စ်ီးပွားရေးသတင်းစာက ပြီးခဲ့သောသောကြာနေ့က ဖော်ပြသည်။

မတ်လတွင်ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွင်း အီရတ်စစ်ပွဲအတွက် စစ်ဆင်ရေးစရိတ်သည် ပေါင်ငွေသန်း ၈၅၀ကုန်ကျခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနကဆိုသည်။ လက်ရှိဘဏ္ဍာနှစ်၌လည်း အီရတ်စစ်အသုံးစရိတ်အတွက် ဗြိတိန်နိုင်ငံသည် ပေါင်ငွေသန်း ၁၂၃၀ ဆက်လက် သုံးစွဲကျခံပြီးဖြစ်ကြောင်း သတင်းစာကဖော်ပြခဲ့သည်။

ဗြိတိန်အစိုးရသည် အီရတ်စစ်စရိတ်အဖြစ် သီးသန့်ငွေပေါင်စတာလင်သန်း ၃၀၀၀ ဖယ်ထားခဲ့သည်။ ယခုနှုန်းအတိုင်းသာ ကျခံသုံးစွဲနေရပါက ဖယ်ထားသောသီးသန့်ရန်ပုံငွေမှာ ၂၀၀၄ ခုနှစ်၏ ပထမနှစ်ဝက်မှာပင် ကုန်ခန်းသွားဖွယ်ရာ ရှိသည်ဟု ဖိုင်နင်ရှယ်တိုင်းမ်သတင်းစာက ဆိုသည်။

ဗြိတိန်စစ်တပ်များ အီရတ်တွင်ချထားရသည့်အတွက် ဗြိတိန်အစိုးရသည် လစဉ်ဘဏ္ဍာငွေမှ ပေါင်သန်း ၁၀၀မှ ၂၀၀ အထိကျခံသုံးစွဲနေရသည်ဟုဆိုသည်။ ***အင်တာနက်။***

အီရတ်မြောက်ပိုင်း ရေနံပိုက်လိုင်း ခုခံရေးသမားများက တိုက်ခိုက်

ကယ်ကွတ်(အီရတ်) နိုဝင်ဘာ ၂၈

အီရတ်နိုင်ငံတွင် ခုခံတွန်းလှန်ရေးသမားများက အီရတ်နိုင်ငံမြောက်ပိုင်း ရေနံပိုက်လိုင်းများကို ဖောက်ခွဲဖျက်ဆီးလျက်ရှိသည်။ အဆိုပါ ပိုက်လိုင်းများသည် တူရကီနိုင်ငံ ဆေဟန်မြို့သို့ သွယ်တန်းကာ ရေနံများကို တင်ပို့လျက်ရှိသည်။

အီရတ်နိုင်ငံမှ ခုခံတွန်းလှန်သူများသည် ၎င်းတို့အနေဖြင့် ဆန္ဒရှိလျှင် ရေနံပိုက်လိုင်းပြည်ပသို့ တင်ပို့ရောင်းချမှု ရပ်တန့်သွားအောင် စွမ်းဆောင်နိုင်ကြောင်း အီရတ်ခုခံတွန်းလှန်ရေး သမားတစ်ဦးဖြစ်သူ အသက် ၃၂ နှစ်အရွယ် အလီက ပြောကြားသည်။

၎င်းသည် အီရတ်တပ်မတော်ဟောင်းမှ တပ်ကြပ်ကြီးတစ်ဦးဖြစ်ပြီး အီရတ်ခုခံတွန်းလှန်ရေးသမား တစ်ဦးဖြစ်သည်။

အင်တာနက်။

နိုဝင်ဘာလသည် အမေရိကန်တပ်ဖွဲ့ဝင်များ အသေအပျောက်အများဆုံးလ သွေးမြေအကျဆုံးလဟုဆို

ဝါရှင်တန် နိုဝင်ဘာ ၂၇

အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်နိုင်ငံသို့ မတ်လအတွင်းက စတင်ကျူးကျော်ဝင်ရောက် ကတည်းက နိုဝင်ဘာလသည် တပ်ဖွဲ့ဝင်များအဖို့ သွေးမြေအကျဆုံး အသေအပျောက် အများဆုံးလဖြစ်သည်။

သေဆုံးသမျှ

နိုဝင်ဘာလအတွင်းတွင် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၇၆ ဦး၊ အီတလီတပ်ဖွဲ့ဝင် ၁၇ ဦး၊ ဗြိတိန်နှင့် စပိန်တပ်ဖွဲ့ဝင် တစ်ဦးစီ စုစုပေါင်း တပ်ဖွဲ့ဝင် ၉၅ ဦး သေဆုံးကြရသည်။

အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်၌ ဒုတိယ အသေအပျောက်အများဆုံးလမှာ ဧပြီလဖြစ်သည်။

ဧပြီလသေဆုံးမှု

ဧပြီလအတွင်းက အမေရိကန်တပ်ဖွဲ့ဝင် ၇၃ ဦး သေဆုံးပြီး ဗြိတိန်တပ်ဖွဲ့ဝင် ခြောက်ဦး စုစုပေါင်းတပ်ဖွဲ့ဝင် ၇၉ဦး သေဆုံးခဲ့သည်။ ***အင်တာနက်။***

ပေါက်စေတီကျောင်းတိုက် တရားပွဲကျင်းပမည်

ရန်ကုန်　　နိုဝင်ဘာ　　၂၉

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင် ပေါက်စေတီကျောင်းတိုက်တွင် ပေါက်စေတီဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် တောင်တွင်းကြီးမြို့ သမိုင်းဝင်ရွှေရောင်တော်စေတီတော်မြတ်ကြီး၏ ထီးတော်အသစ် လှူဒါန်းပွဲ အထိမ်းအမှတ်တရားပွဲတွင် ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတ အရှင်ဆေကိန္ဒအရှင်သူမြတ်သည် ဒီဇင်ဘာ ၁ရက်မှ ၃ ရက်ထိ ည ၈ နာရီမှစ၍ တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မြို့ခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

မစိုးရိမ်တိုက်သစ်သာသနာ နိုင်ငံတော်အစိုးရ စေတနာ

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

မစိုးရိမ်တိုက်သစ်သာသနာဟူသည် သံဃာသုံးထောင်ခန့် သီတင်းသုံးလျက် မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာတော်အကျိုးဖွံ့ဖြိုးတိုးတက်စေဖို့ ဖောက်ချ သာသနာပြုတော်မူလျက်ရှိကြသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မှ မဟာနာယက၊ နာယကများ၊ စာချများ၊ စာသင်သားရဟန်းသာမဏေများ၏ သာသနာပြုဖွဲ့လုံ့လကို ဆိုပါ၏။

ယနေ့အချိန်အခါဝယ် သံဃာသုံးထောင်ခန့်ဖြင့် အဟန့်အဟိတ်ကြီးမားစွာ ဝင့်ကြွားမြင့်မိုးလာသော ယင်းမစိုးရိမ်တိုက်သစ်သည် ဤအရှင်တို့ ငယ်စဉ် သာမဏေဘဝ လွန်ခဲ့သောနှစ် ၄၀ ဝန်းကျင်ခန့်ကဆိုလျှင် သံဃာ ၄၀ ခန့်မျှဖြင့် အနံ့အသက်မကောင်းလှသော အင်းကြီးကိုမေးတင်ကာ ခပ်ဝပ်ဝပ်ပြားပြား တည်ရှိခဲ့သော ကျောင်းတိုက်တစ်တိုက်သာ ဖြစ်ခဲ့၏။ ဤအရှင်တို့သည် ယင်းမစိုးရိမ်တိုက်သစ်၌ မနေခဲ့ဖူးသော်လည်း မစိုးရိမ်တိုက်ဟောင်း၌မူ ခေတ္တမျှခိုအောင်းခဲ့ဖူးသဖြင့် မိမိကိုယ်မိမိ မစိုးရိမ်အနွယ်တော်ဝင်ဟု သတ်မှတ်လျှင်ရမည်ထင်ပါ၏။ ထို့ပြင် မစိုးရိမ်တိုက်ဟောင်း၏ မူလပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တသူရိယာဘိဝံသ၏ တပည့်တစ်ပါးဖြစ်သော ဘဒ္ဒန္တကေသရသည် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ မဟာဗောဓာရုံ စာသင်တိုက် ဖွင့်လှစ်ကာ ပါဠိတက္ကသိုလ်ဖြစ်ရေး ကြိုးပမ်းခဲ့သည်တွင် ဤအရှင်တို့၏ နောင်တော်အရှင်း ဘဒ္ဒန္တဝဏ္ဏိတသည် ပဓာနအခန်းမှ ပါဝင်ခဲ့ခြင်းနှင့် ဤအရှင်တို့သည်လည်း ထိုမစိုးရိမ်တိုက်ခွဲဟုဆိုရမည့် လားရှိုးမြို့ မဟာဗောဓာရုံ ပါဠိတက္ကသိုလ်၌ စာပေပရိယတ်သင်ယူခဲ့ဖူးခြင်းတို့ကို ရည်ညွှန်းနိုင်ပါသေး၏။

ထို့ကြောင့်ပင် ဖြစ်မည်ထင်ပါ၏။ နှစ်ပေါင်း ၃၀ ကျော် ကိုယ်အားဖြင့် မစိုးရိမ်နှင့် ကင်းကွာခဲ့ရသော်လည်း စိတ်အားဖြင့် မမေ့မလျော့ မကင်းမကွာရှိခဲ့ရာမှ လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၅ ရက်တုန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရကိုယ်တိုင် ပရိဝါရ ကထိန စီဝရ ဒါယကာခံယူလျက် မန္တလေးမစိုးရိမ်တိုက်သစ်၌ ကျင်းပအပ်သော ပထမအကြိမ် မဟာကထိန်အလှူတော်မင်္ဂလာအကြောင်း ရုပ်/သံနှင့် သတင်းစာများတွင် မြင်ကြားဖတ်ရှုခဲ့ရသောအခါ ပီတိများစွာ မုဒိတာမှတ်တမ်းအဖြစ် ဂုဏ်ပြုဆောင်းပါးတစ်စောင် ချက်ချင်းရေးသား၍ **မြဟ္မစိုရ်လွှမ်း အေးချမ်းသာယာ ပြည်မြန်မာ(၃)** ခေါင်းစဉ်ဖြင့် သတင်းစာများဝယ် ဖော်ပြခဲ့ဖူးပါသည်။

ထိုနှစ်၊ ထိုအကြိမ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ၏ မဟာကထိန်အလှူတော် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) မောင်အေး တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ရာတွင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်ကြီးမှာ ယခုနှစ် ဝါဆိုသံဃာ ၂၆၂၃ ပါးရှိသည်ကို သိရှိရပါကြောင်း၊ ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ဤမျှသံဃာအရေအတွက် များပြားသော စာသင်တိုက်များ မရှိသေးကြောင်း လေ့လာသိရှိရပါကြောင်း၊ သံဃာအရေအတွက် အများဆုံးဖြစ်ရုံမက စာမေးပွဲအောင်ချက် ရာခိုင်နှုန်းလည်း အကောင်းဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း စသည်ဖြင့် ဝမ်းသာအားရ ထည့်သွင်းလျှောက်ထားခဲ့ပုံကို ထိုဆောင်းပါး၌ မှတ်တမ်းတင်ခဲ့သည့်အပြင် ဖော်ပြလတ္တံ့အတိုင်းလည်း ဂုဏ်ပြုရေးသားခဲ့ပါ၏။

ယင်းသို့ သံဃာအများဆုံးနှင့် စာမေးပွဲအောင်ချက် အကောင်းဆုံးဟူသော ဒြပ်နှင့်ဂုဏ် ဥသုံပြည့်ဝ လုပလန်းပွင့်ဆန်းတင့်တောက်ပလာစေရန် ဦးစီးပဓာန နာယကချုပ် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ နာယကဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသနှင့်တကွ နာယက၊ စာချ၊ ကျောင်းဘုန်းကြီးစသည့် ဦးဆောင် ဆရာတော်များသည် နှစ်ပေါင်းများစွာ ကြိုးပမ်းတော်မူခဲ့ကြရကြောင်း၊ ဉှဖြင့် ဖြစ်မလာနိုင်ကြောင်း ကောင်းစွာသိအပ်ကြပေ၏။

(ခ)

ယခု ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယက၊ စာချ၊ စာသင်ရဟန်းသာမဏေ ၂၇၇၈ ပါးတို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် စတုတ္ထအကြိမ် မဟာကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို မစိုးရိမ်တိုက်သစ် ဓမ္မမဟိဒ္ဓိ လေးထပ်ကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို၍ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ သာသနာရေးဆိုင်ရာများ လျှောက်ထားရာဝယ် ဤသို့ ထည့်သွင်းလျှောက်ထားလေ၏။

သဗ္ဗညုဘုရားရှင် ထားတော်မူခဲ့သော ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျက်ရှိကြသော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများအား ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး ပစ္စည်းလေးပါးနှင့်စပ်လျဉ်း၍ မပင်မပန်း ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ သက်သက်သာသာ ပြည့်ပြည့်စုံစုံရှိကြစေရန် တပ်မတော်အစိုးရသည် ကိုယ်တိုင်လှူဒါန်းခြင်း၊ ဗုဒ္ဓဘာသာဝင် ပြည်သူအများ ပါဝင်လှူဒါန်းကြစေရန် ဦးဆောင်မှုပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းတို့ကြောင့် ပစ္စည်းလေးပါးအတွက် ကြောင့်ကြမှု မပြုကြရတော့ဘဲ ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့တာဝန်များကို ချမ်းချမ်းသာသာ ဆောင်ရွက်တော်မူနေကြကြောင်း ဖူးတွေ့နေရပြီ ဖြစ်ပါကြောင်း။

ယင်းလျှောက်ထားချက်၌ ပြက်ပြက်ထင်ထင် တွေ့မြင်ရသောအချက်မှာ နိုင်ငံတော်အစိုးရ၏ စေတနာဖြစ်၏။ နိုင်ငံတော်အစိုးရသည် သာသနာအပေါ်၌လည်းကောင်း၊ နိုင်ငံအပေါ်၌လည်းကောင်း ကောင်းမြတ်လှစွာသော စေတနာတရားကို စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာ ဖြန့်ထားလျက်ရှိကြောင်း တွေ့မြင်ရ၏။ တစ်နည်းပြောရလျှင် ယနေ့ တပ်မတော်အစိုးရသည် ကမ္မအမြင် ကြည်လင်ဝင်းလက်ကြောင်း တွေ့မြင်ရ၏။

ကမ္မအမြင်ဟူသည် အကျဉ်းအားဖြင့် **စေတနာကောင်းလျှင် ကံကောင်းသည်၊ ကံကောင်းလျှင် ကောင်းကျိုးထင်သည်** ဟူသော ကုသလကမ္မ အမြင်ပိုင်းနှင့် **စေတနာဆိုးလျှင် ကံဆိုးသည်၊ ကံဆိုးလျှင် ဆိုးကျိုးထင်သည်** ဟူသော အကုသလကမ္မ အမြင်ပိုင်းတို့ကို ပိုင်းပိုင်းခြားခြား သုံးသပ်နိုင်လျက် ကုသလကမ္မတို့ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားကာ ဖြန့်ဝေနိုင်ခြင်းဖြစ်ပါသည်။ ကုသလကမ္မတို့ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားနိုင်သည့်ပြင် ဖြန့်ဝေပေးနိုင်သော အစိုးရတစ်ရပ်ဖြစ်နေခြင်းကြောင့်–

(၁) သာဟတ္ထိက (အစိုးရကိုယ်တိုင်ကောင်းမှုပြုခြင်း)

(၂) အာဏတ္တိက (ပြည်သူတို့ကို ဦးဆောင်မှုပေးလျက် နှိုးဆော်တိုက်တွန်းခြင်း)

(၃) ဝဏ္ဏဘာသန (ကောင်းမှုနှင့် ကောင်းမှုပြုသူကို နှစ်သက်မြတ်နိုး၍ ချီးမွမ်း၊ ချီးမြှောက်ခြင်း)

(၄) သမနုညာ (ကောင်းမှု၌ အစိုးရနှင့်ပြည်သူ တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်ခြင်း)

ဟူသော ကမ္မနိယာမစဉ် လေးရပ်ကို တဖျတ်ဖျတ်တောက်ပအောင် ထားဝရကြိုးပမ်းနိုင်ခြင်းဖြစ်ကြောင်း သုံးသပ်ရပါသည်။

ဤတွင် (၁)နှင့် (၂)မှာ ရှင်းလွန်းနေပြီဖြစ်၍ (၃)နှင့် (၄)ကိုသာ ဤအရှင်တို့မြင်သလို သာသနာသို့ လျှောက်ထား၍ ပြည်သူသို့ ပြောကြားပါဦးမည်။

(၃) ကောင်းမှုနှင့် ကောင်းမှုပြုသူကို မြတ်နိုး၍ ချီးမွမ်း၊ ချီးမြှောက်ခြင်း၌ ယနေ့တပ်မတော်အစိုးရသည် အမြင့်ဆုံးပင်ဖြစ်၏။ ကြည့်ပါ။ သာသနာတော်အတွက် အသပြာငွေပေါင်း ဘယ်နှသိန်းလှူဒါန်းကာ ရဟန်းပေါင်း ဘယ်နှပါး၏ ရဟန်းဒါယကာကြီးဖြစ်နေပါသည်ဟူသော ရွှေပုရပိုက် ရွှေအက္ခရာရှင် အကြင်ဥပါသကာကြီးသည် အဘယ်မျှချောင်ကျခေါင်သီသောဒေသ၌ ရှိနေပါစေ။ ထိုဥပါသကာကြီးအား ကုသိုလ်မှတ်တမ်းအလျောက် နိုင်ငံတော်အစိုးရက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့၊ သီဟသုဓမ္မ မဏိဇောတဓရဘွဲ့၊ သုဓမ္မမဏိဇောတဓရဘွဲ့စသည်ကို အပ်နှင်းချီးမြှောက်၏။ ထို့အတူ ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမ၊ သာသနာ့အမ (အရင်းအမ)ကြီးအားလည်း သူပြုပွားထားသည့် ကုသိုလ်မှတ်တမ်းအလျောက် အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဘွဲ့၊ သီရိသုဓမ္မသီင်္ဂီဘွဲ့၊ သီဟသုဓမ္မသီင်္ဂီဘွဲ့၊ သုဓမ္မသီင်္ဂီဘွဲ့စသည်ကို အပ်နှင်းချီးမြှောက်၏။ နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့ (သို့မဟုတ်) ယင်းဝန်းကျင်တစ်နေ့နေ့ (ကုန်လွန်ခဲ့သော ၁၃၆၄ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်နေ့)တွင် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ခမ်းခမ်းနားနား ခံ့ခံ့ညားညား ကြွားကြွားဝင့်ဝင့် မြင့်မြင့်မားမား စွင့်စွင့်ကားကား ချီးမြှောက်ပေးခြင်းဖြစ်၏။ သာသနာရေးဆိုင်ရာ ပွဲတော်များအနက် အကြီးကျယ်ဆုံးဖြစ်၏။ ယင်းသည် ယနေ့တပ်မတော်အစိုးရ၏ ဝဏ္ဏဘာသန ဖြစ်ပါကြောင်း လူသိရှင်ကြား ပြောကြားလျှောက်ထားပါသည်။

ယင်းသို့ သိန်းပေါင်းထောင်ချီ ရာချီလှူနိုင်တန်းနိုင်၍ သာသနာ့ပင်စည်ရေလောင်းနိုင်အောင် ပြည်သူများ စီးပွားခနဖွံ့ဖြိုးတိုးတက်လာစေရန် ယနေ့တပ်မတော်အစိုးရက ဆိုရှယ်လစ်စီးပွားရေးစနစ်မှသည် ဈေးကွက်စီးပွားရေးစနစ်သို့ ညင်သာစွာ ပြောင်းလဲဖွင့်လှစ်ပေးခဲ့သည်ဟူသော မူလပဓာနအကြောင်းရင်းကြီးတစ်ရပ်ကိုလည်း နိုင်ငံသိ ကမ္ဘာကြား ရေးသားပါသည်။

(၄) သမနုညာ=ကောင်းမှုပြုသူ ပြည်သူများနှင့် စိတ်တူ၊ သဘောတူရှိခြင်း၌ မည်သူသည် မည်သည့်ကောင်းမှုကို ဆည်းပူးဆည်းပူ နိုင်ငံတော်က၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက တားမြစ်သည်၊ ပိတ်ပင်သည်၊ ချုပ်ချယ်သည်ဟူ၍ တစ်ခွန်းတလေ တစ်စွန်းတစ်စ ယုံကြည်လောက်သော စကားရှိသူတို့ထံမှ လုံးဝမကြားဖူး၊ မကြုံဖူးခဲ့။ ကြားဖူး၊ ကြုံဖူးသည့်အပြင် ကြားနေ၊ ကြုံနေရသည်များကတော့ သက်ဆိုင်ရာတို့က ထိုကုသိုလ်ရှင်၏ ကုသိုလ်ပြုမှုကို အစစအရာရာ ချောမွေ့အောင် စောင့်ရှောက်ကူညီပေးခြင်းသာလျှင်ဖြစ်၏။ လူပေါင်းများစွာတို့ဖြင့် ပျော်ရွှင်စွာကခုန်လျက် ဆောင်ရွက်ရသော ရှင်လောင်းလှည့်ပွဲများ၊ အလှူလှည့်ပွဲများ၊ ကထိန်လှည့်ပွဲများစသည်တို့၌ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများက အစမှအဆုံး အေးအေးချမ်းချမ်း ချောချောမွေ့မွေ့ ဖြစ်စေရန် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးလျက်သာရှိ၏။

အထူးသဖြင့် အလှူဒါယကာက တတ်နိုင်သောကြောင့် ရှင် ၁၀၀ ပြုပွဲ၊ ရှင် ၁၀၀၀ ပြုပွဲကဲ့သို့သော ပွဲကြီးမျိုးဆိုလျှင် ထိုအလှူ့ဒါယကာ အဘယ်မျှ တတ်နိုင်ပါစေ။ သက်ဆိုင်ရာတို့၏ စိတ်တူသဘောတူ ကူညီစောင့်ရှောက်မှုမရခဲ့ပါလျှင် ချောချောမွေ့မွေ့အောင်မြင်ဖို့ ခက်ခဲပေရာ ထိုပွဲကြီးမျိုး အောင်မြင်ဖို့ သက်ဆိုင်ရာတို့က ပို၍ပင် ကူညီစောင့်ရှောက်ပေးကုန်သေး၏။ မိသားစုပေါင်းများစွာတို့၏ အစုအဝေးကြီးဖြစ်သောကြောင့် ကကြ၊ ခုန်ကြ၊ ပျော်ကြ၊ ပါးကြ၊ ချက်ကြ၊ ပြုတ်ကြ၊ ကြော်ကြ၊ လှော်ကြရင်း တမင်မရှည်ရွယ်ပါဘဲလျက် နင်ပဲငဆ ဖြစ်လာ၊ နင်လားငါလားဖြစ်လာကာ ထန်ထန်သည်းသည်းရန်ပွဲများ ဖြစ်တတ်လေ့ရှိသဖြင့် **ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ** ဟူသောအဆိုများ ပေါ်ဖူးရကား ယင်းပွဲကြီးမျိုးတွင် သက်ဆိုင်ရာအာဏာပိုင်တို့၏ ကူညီစောင့်ရှောက်မှုသည် အေးချမ်းစွာ အောင်မြင်ဖို့ အဓိကဖြစ်နေလေ၏။ ဗဟိုအဆင့်မှ ကျေးရွာအဆင့်အထိ ယင်းသို့သော စောင့်ရှောက်ကူညီမှုများသည် သမနုညာ စစ်စစ်ပါပေတည်း။

ပထမမြန်မာနိုင်ငံတော်ကြီး ဖြစ်ထွန်းလာသော ပုဂံခေတ်မှစ၍ ဗုဒ္ဓဘာသာကို ကြည်ညိုကိုးကွယ် ဆည်းကပ်သူ တရစပ် တိုးပွားလာခဲ့ရာ ယနေ့ချိန်ခါဝယ် ဤမြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင် ၈၉ ဒသမ ၂၈ ရာခိုင်နှုန်းအထိ တိုးတက်များပြားလာသကဲ့သို့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များ တိုးပွားလာပုံကို မုဒိတာဖြင့် ရှုပါဦး။

– ၁၉၈၈ ခုနှစ်၌ ရဟန်းသာမဏေများ သီတင်းသုံးရာ ဘုန်းတော်ကြီးကျောင်းပေါင်း ၅၁၃၂၂ ကျောင်းရှိခဲ့ရာမှ ယခု ၂၀၀၃ ခုနှစ်တွင် ၅၂၉၅၄ ကျောင်းရှိလာသဖြင့် ဘုန်းတော်ကြီးကျောင်းပေါင်း ၁၆၃၂ ကျောင်း တိုးပွားလာခြင်း။

– ၁၉၈၈ ခုနှစ်၌ ရဟန်းတော်အရေအတွက် ၁၆၇၅၆၂ ပါး ရှိခဲ့ရာမှ ယခု ၂၀၀၃ ခုနှစ်တွင် ၁၉၂၄၅၉ ပါး ရှိလာသဖြင့် ရဟန်းတော်ပေါင်း ၂၄၈၉၇ ပါး တိုးပွားလာခြင်း။

– ၁၉၈၈ ခုနှစ်၌ သာမဏေအရေအတွက် ၂၃၉၃၄၁ ပါးရှိခဲ့ရာမှ ယခု ၂၀၀၃ ခုနှစ်တွင် ၂၆၈၂၇၈ ပါး ရှိလာသဖြင့် သာမဏေပေါင်း ၂၈၉၃၇ ပါး တိုးပွားလာခြင်း။

– ၁၉၈၈ ခုနှစ်၌ သာသနာ့နွယ်ဝင်သီလရှင်ပေါင်း ၂၄၀၄၃ ပါး ရှိခဲ့ရာမှ ယခု ၂၀၀၃ ခုနှစ်တွင် ၂၈၁၂၀ ပါး ရှိလာသဖြင့် သီလရှင်ပေါင်း ၄၀၇၇ ပါး တိုးပွားလာခြင်း။

(ယင်းကိန်းဂဏန်းများကို ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ဖွံ့ဖြိုးဝေစည် မြန်မာပြည် (၁၉၈၈–၂၀၀၃) စာအုပ်မှရရှိ။)

ဖော်ပြပါ ကိန်းဂဏန်းများအရ တိုးပွားလာသော ရဟန်းသာမဏေများနှင့် တိုးပွားလာသော သီလရှင်များကို ထောက်ဆ၍ ယနေ့တပ်မတော်အစိုးရ လက်ထက်ကာလသည် သမ္ပတ္တိလေးပါးတို့တွင် ကာလသမ္ပတ္တိ စစ်စစ်ဖြစ်ကြောင်း ဤဆောင်းပါးက ခံယူပါသည်။

ကာလသမ္ပတ္တိဟူသော အချိန်ကောင်း အခါကောင်းကို စွမ်းရည်ကြီးမားသော မင်းစိုးရာဇာများကသာ ဖန်တီးတည်ဆောက်နိုင်လေရာ ကာလသမ္ပတ္တိနှင့်အတူ ဂတိသမ္ပတ္တိ (ဦးတည်ချက်ပြည့်စုံကောင်းမွန်ခြင်း)၊ ပယောဂသမ္ပတ္တိ (နေ့၊ ညမနား ကြိုးစားဆောင်ရွက်နိုင်ခြင်း)တို့ကို ပေါင်းစပ်ဖြည့်ဆည်းလိုက်သောအခါ ယနေ့ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးဟူသော သာသန ဥပဓိသမ္ပတ္တိ (သာသနာ့ရုပ်သွင်) အဘယ်မျှ ကြည်လင်ရွှန်းအိလျက်ရှိပုံ နိုင်ငံတော်ဝန်ကြီးချုပ် လျှောက်ထားချက်ကို ဆက်လက်ထုတ်ပြပါမည်။

ဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားထွန်းကားစေရန်အတွက် ရှေးဟောင်း ဘုရားပုထိုးများ ပြုပြင်မွမ်းမံခြင်း၊ စေတီတော်အသစ်များ တည်ထားပေးခြင်း၊ ရှေးဟောင်းကျောင်းတော်ကြီးများ မွမ်းမံပြင်ဆင်ခြင်း၊ စာသင်တိုက်ကြီးများ၌ သုံးထပ်ကျောင်းဆောင်၊ ငါးထပ်ကျောင်းဆောင်၊ ကိုးထပ်ကျောင်းဆောင် စသည်ဖြင့် ကျောင်းဆောင်အသစ်များ ဆောက်လုပ်လှူဒါန်းခြင်း၊ သာသနာ့မြေများ လှူဒါန်းခြင်း၊ သာသနာ့ အဆောက်အအုံများ ဆောက်လုပ်နိုင်စေရန် ကူညီထောက်ပံ့ပေးခြင်းစသည့် သာသနာတော်အား အထောက်အပံ့ ဖြစ်စေမည့် ဆောင်ရွက်ဖွယ်ရာများကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ကျောင်း၊ ကန်၊ ဘုရား၊ သာသနိက အဆောက်အအုံများသည် နတ်ဘုံနတ်နန်းတမျှ တင့်တယ်သပ္ပာယ်လျက် ရွှေရောင်တဝင်းဝင်း၊ ထုံးဖြူတဖွေးဖွေး ဆေးရောင်စုံများ သစ်လွင်တောက်ပစွာ ကြည်ညိုဖွယ်ဆောင်နိုင်သည်ကို တွေ့မြင်နေရပြီဖြစ်ပါကြောင်း။

ပီတိအကြိမ်ကြိမ် ပဿဒ္ဓိစိမ်နိုင်ဖို့ နှစ်ကြိမ်၊ နှစ်ကျော့ ပြန်ဖတ်ပါ။

ယင်းသို့ သာသနာမှ အစုစုဝယ် စတုလေးရပ် သမ္ပတ်လေးထွေ ပြည့်စုံနေသကဲ့သို့ တိုင်းပြည်နိုင်ငံ၏ အရေးအရာအားလုံး၌လည်း သမ္ပတ္တိများ ထွန်းကားလျက်ရှိပုံ နိုင်ငံတော်ဝန်ကြီးချုပ်က ဤသို့ လျှောက်ထား၏။

ဤကဲ့သို့ နိုင်ငံတော်အစိုးရ ဦးဆောင်မှုဖြင့် ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သားအများတို့ လှူဒါန်းနိုင်ကြခြင်းမှာ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ဖြစ်ပါကြောင်း။

ရွှေတိဂုံစေတီတော် ထီးတော်တင်ပွဲ ကျင်းပပြုလုပ်စဉ်က ဒါယကာတစ်ဦးတည်းက ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော် လှူဒါန်းခြင်း၊ အခြားဒါယကာတစ်ဦးက ရွှေစင်ပိဿာ ၃၅ ပိဿာလှူဒါန်းခြင်းများကို တွေ့ရှိရသည့်အပြင် ကျပ်ငွေသိန်း ၅၀၀၊ သိန်း ၁၀၀၀ အကုန်အကျခံ၍ ရွှေကျောင်းကြီးများကို တစ်ဦးတည်း ဒါယကာခံပြီး ဆောက်လုပ်လှူဒါန်းကြသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ယင်းသည် သာသနဥပဓိနှင့် နိုင်ငံ့ဥပဓိကို သမိုင်းထင်ထင် တင်ကျန်အောင် ထင်ချန်ထားမည့် သမ္ပတ္တိမော်ကွန်းဖြစ်၏။ လွတ်လပ်ရေး၏သည်မှာဘက် ဘယ်အစိုးရလက်ထက်မှာမှ ပေါ်မလာ ထွန်းမထင်နိုင်ဘဲ ထစ်နေ့ခဲ့ရာဝယ် ယနေ့ တပ်မတော်အစိုးရလက်ထက် ရောက်လာမှသာ တစ်ရှိန်ထိုး တွန်းတင်နိုင်သည့် သမိုင်းဝင် ဒါနမှတ်တမ်းများ ဖြစ်ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

စိန်စည်သာသနာ့ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၂၉

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈)ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာတွင် မဟာသတိပဋ္ဌာန်ဝိပဿနာတရားစခန်းပွဲများ ဒီဇင်ဘာ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသူများ ဒီဇင်ဘာ ၂ရက် မွန်းလွဲ ၂ နာရီ ကြွရောက်ပြီး ညစဉ် ၇ နာရီတွင် မဟာစည်နည်းလှည့်ဓမ္မကထိကများက နိဗ္ဗာန်ရောက်ကြောင်း တရားများဟောကြားမည် ဖြစ်သည်။ နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ အချိုပွဲ ဆက်ကပ်လှူဒါန်းလိုပါက ရိပ်သာဖုန်း ၅၈၁၁၆၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၆

မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

ခင်မြန်မာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် အမျိုးသမီးထုကြီး၏ အင်အားသည် နိုင်ငံတော် လူဦးရေ၏ ၅၂ ရာခိုင်နှုန်းမျှရှိရာ အမျိုးသားများထက် ပိုမိုကြီးမားကျယ်ပြန့်သည့် စွမ်းအားစုကြီး ဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးမှာလည်း မြန်မာအမျိုးသမီးများသည် တည်ဆဲဥပဒေအရ အမျိုးသားများနှင့် တန်းတူအခွင့်အရေးများ ရရှိလာခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရရှိပြီးမြန်မာအမျိုးသမီးအခွင့်အရေးများ ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း စသည့် အမျိုးသမီးများဦးဆောင်သော အဖွဲ့အစည်းများကို ဖွဲ့စည်းပေးခဲ့ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် တိုးမြှင့်လှုပ်ရှားဆောင်ရွက်နိုင်ရေးအတွက် လိုင်မြို့နယ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Partk)၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်များနှင့် အမျိုးသမီးရေးရာကဏ္ဍနှင့် သက်ဆိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ၍ အဆင့်မြှင့်တင်လှုပ်ရှားဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ လမ်းညွှန်မှာကြားရာတွင် **မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံပြီး လှုပ်ရှားဆောင်ရွက်လျက်ရှိရာ၌ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ဖွယ်ရာများ များစွာရှိနေသည်နှင့်အညီ လက်ရှိလှုပ်ရှား ဆောင်ရွက်မှုများဖြင့် လုံလောက်မှုမရှိသည်ကို တွေ့ရကြောင်း၊ အမျိုးသမီးရေးရာကဏ္ဍလုပ်ငန်းများ ပိုမိုကျယ်ပြန့်ထိရောက်စွာ တိုးမြှင့်လှုပ်ရှားဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ပိုမိုကျယ်ပြန့်စွာလှုပ်ရှားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ အမျိုးသမီးများသည် အမျိုးသားများ၏ ဦးဆောင်မှုနောက်တွင် လိုက်ပါခဲ့ကြသည့် အလေ့အထများဖြစ်တည်ခဲ့ကြောင်း၊ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသည့် မြန်မာ့ဆိုရိုးစကားနှင့်အညီ ခင်ပွန်းသည်ကို အိမ်ထောင်ဦးစီးအရာ၌ထားပြီး ဇနီးသည်က အိမ်ထောင်ဖက်အနေဖြင့် ပံ့ပိုးကူညီသည့် နေရာမှနေပြီး မိသားစုဘဝကို ဒိုးတူပေါင်ဖက် ဖွဲ့စည်းတည်ဆောက်လာခဲ့ကြကြောင်း၊ ထိုသို့ အမျိုးသားနှင့်အမျိုးသမီး တန်းတူအခွင့်အရေး ရရှိခဲ့ကြသော်လည်း အမျိုးသမီးများက အမျိုးသားများကို ဦးစားပေးကြပြီး ခင်ပွန်းသည်၏ရှေ့မှ နေရာယူလေ့မရှိကြသည့်ကောင်းမြတ်သော မြန်မာဓလေ့အစဉ်လာကို မသိနားမလည်သူများက မြန်မာအမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရဟု စွပ်စွဲပြစ်တင်မှုများ ပြုလုပ်လျက်ရှိကြကြောင်း၊ ယင်းသို့ မြန်မာတို့၏ ကောင်းမြတ်သည့် အစဉ်အလာဓလေ့ကို နားမလည်နိုင်ဘဲ တလွဲယူဆကြသော နိုင်ငံများတွင် သူတို့၏ ဓလေ့စရိုက်နှင့်အညီ အမျိုးသမီးများက အမျိုးသားများ၏ရှေ့၌ နေရာယူကြခြင်း၊ သား၊ သမီးများက မိဘများအား ရိုကျိုးသိမ်မွေ့စွာ ဆက်ဆံမှုမရှိဘဲ ရိုင်းပျစွာ ဆက်ဆံခြင်းစသည့် မိမိတို့နိုင်ငံနှင့် လုံးဝမတူခြားနားသည့် ဓလေ့စရိုက်များ တည်ရှိနေကြောင်း၊ မြန်မာ့လူဘောင် အဖွဲ့အစည်းတွင်မူ အိမ်ထောင်ဦးစီးဖြစ်သူ ခင်ပွန်းသည်နှင့် အိမ်ထောင်ဖက်ဖြစ်သူ ဇနီးမယားတို့ပေါင်းစည်း ဖြစ်တည်နေမှုသည် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများမှတစ်ဆင့် ဖြစ်ထွန်းလာပြီး ဘိုးစဉ်ဘောင်ဆက်ထိန်းသိမ်းလာခဲ့ကြသည့် မြန်မာ့ရိုးရာဓလေ့ အစဉ်အလာများဖြစ်ကြောင်း၊ ဤသို့ မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အခွင့်အရေးဆုံးရှုံးမှု မရှိကြသည့် အလျောက် ထွန်းပေါက်အောင်မြင်သည့် အမျိုးသမီးစွမ်းဆောင်ရှင်များ များစွာပေါ်ထွန်းလာခဲ့ကြသကဲ့သို့ မိမိတို့နှင့်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ကျေပွန်စွာစွမ်းဆောင်နိုင်ခဲ့ကြသည့် အစဉ်အလာများ ရှိနေကြောင်း၊ အမျိုးသမီးများဦးဆောင်ပြီး အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လှုပ်ရှားဆောင်ရွက်နေကြသည့် အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းများသည် ထိုက်တန်သည့်နေရာမှနေ၍ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ အမျိုးသမီးများ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရအောင်၊ အခွင့်အရေးများ မဆုံးရှုံးစေရအောင်၊ အမျိုးသမီးများ အကြမ်းဖက်ခြင်း၊ နှိပ်စက်ခြင်း မခံရစေရအောင်၊ လူကုန်ကူးမှုမခံရအောင် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတာဝန်အဝဝကို စေတနာ့ဝန်ထမ်း ထမ်းဆောင်နေကြသည်ကို တွေ့နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အမျိုးသမီးများနှင့် သက်ဆိုင်သည့် လူမှုရေးအသင်းအဖွဲ့များ၏ မွန်မြတ်သောလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရအောင် အစဉ်တစိုက် အားပေးကူညီလျက်ရှိရာ မြန်မာနိုင်ငံတော်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အခွင့်အရေးဆုံးရှုံးမှု မရှိသကဲ့သို့ နောက်ကျကျန်မနေဘဲ ရှေ့တန်းတွင်ရှိနေသည်ကို ထင်ထင်ရှားရှား တွေ့နိုင်ကြောင်း၊ ဤသို့အဘက်ဘက်မှ အကူအညီနှင့် အခွင့်အရေးများ၊ အခွင့်အလမ်းများ ရရှိကြသည်နှင့်အညီ မြန်မာအမျိုးသမီးများသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အားကစားကဏ္ဍများ အပါအဝင် အချို့သောကဏ္ဍများတွင် အမျိုးသားများထက်ပင် ပိုမိုထွန်းတောက် စွမ်းဆောင်နိုင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဤသည်မှာ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးရရှိကြသည့် အလျောက် အမျိုးသမီးကဏ္ဍ ပိုမိုထွန်းတောက် ရှေ့တန်းရောက်ရှိနေမှုကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဖော်ညွှန်းပြသနေခြင်းပင် ဖြစ်ကြောင်း၊ သို့ရာတွင် အချို့သော အနောက်နိုင်ငံကြီးများသည် မြန်မာနိုင်ငံပေါ် နိုင်ငံရေးအရ ဖိအားပေးလိုသည့် သဘောထားဖြင့် မြန်မာ အမျိုးသမီးများ အဖိနှိပ်ခံနေရသယောင်၊ မြန်မာအမျိုးသမီးများ အခွင့်အရေး နစ်နာဆုံးရှုံးနေသယောင်၊ မြန်မာအမျိုးသမီးများ ရောင်းကုန်သဖွယ် လူကုန်ကူးခံနေရသယောင် မမှန်မကန် လုပ်ကြံစွပ်စွဲမှုများ၊ လုပ်ဆောင်နေကြသည်များ ရှိနေဆဲပင်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို သပ်လျှိုသွေးခွဲသည့်အနေဖြင့် ရှမ်းအမျိုးသမီးများ မတော်မတရားပြုကျင့်ခံရသည့် လူကုန်ကူးခံရသည့် လုပ်ဇာတ်ခင်းစွပ်စွဲမှုများကို လုပ်ဆောင်လျက်ရှိနေကြောင်း၊ ယင်းသို့ မမှန်မကန် လုပ်ဇာတ်ခင်း စွပ်စွဲမှုများမှာ တိုင်းတစ်ပါးအရိပ်ကိုမှီခိုပြီး ပြည်ထောင်စုကြီးပြိုကွဲအောင် ဖန်တီးလုပ်ဆောင်နေသည့် အမျိုးသစ္စာဖောက်အုပ်စုနှင့် မြန်မာနိုင်ငံအကျိုး မလိုလားသော အနောက်နိုင်ငံကြီးများ ပေါင်းစပ်လျက် မြန်မာနိုင်ငံတော်နှင့်တကွ မြန်မာအမျိုးသမီးများ ဂုဏ်သိက္ခာကျဆင်းအောင်၊ တိုင်းရင်းသားစည်းလုံးနေမှုပြိုကွဲအောင် လုပ်ကြံဖန်တီးနေကြခြင်းပင်ဖြစ်ကြောင်း၊ ဤကဲ့သို့ မြန်မာနိုင်ငံအကျိုးမလိုလားသူများနှင့် ပြည်တွင်းသစ္စာဖောက်များ ပူးပေါင်းလုပ်ကြံဖန်တီးပြီး မြန်မာနိုင်ငံကို ဆန့်ကျင်သည့် မီဒီယာအားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပုံကြီးချဲ့လုပ်ဆောင်နေသည့်အတွက် မြန်မာနိုင်ငံအကြောင်း သေချာစွာ မသိရှိသူများအတွက် ထင်ယောင်ထင်မှားဖြစ်ဖွယ်ရှိနေကြောင်း၊ ယင်းသို့သောအခြေအနေ အချိန်အခါမျိုးတွင် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရရှိပြီး မြန်မာအမျိုးသမီးအခွင့်အရေးများ ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် လိုက်လျောညီထွေ ပိုမိုကျယ်ပြန့်ထိရောက်စွာ တိုးမြှင့်လှုပ်ရှားဆောင်ရွက်နိုင်စေရအောင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အခြေအနေ အချိန်အခါနှင့်အညီ ပိုမိုကျယ်ပြန့်စွာ လှုပ်ရှားဆောင်ရွက်သွားရန် လိုအပ်ကြောင်း** စသည်ဖြင့် လမ်းညွှန်မှာကြားသွားတာကို မှတ်သားလိုက်ရပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် မြန်မာအမျိုးသမီးထု တစ်ရပ်လုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ မြန်မာအမျိုးသမီးငယ်များ လမ်းမှားမရောက်စေရေး၊ လူပွဲစားများ၏ ရောင်းစားခြင်း မခံရစေရေး၊ ပြည်ပအထင်ကြီးစိတ် ပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများတွင် ကင်းရှင်းစေရေး၊ အမျိုးသမီးများ၏ နစ်နာမှု၊ ဆုံးရှုံးမှုနည်းပါးရေးကိစ္စများ၌ ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။ အမျိုးသမီးများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးစောင့်ရှောက်ရေး၊ ပြန်လည်လူထောင်ရေးနှင့် အမျိုးသမီးငယ်ရွယ်များ၏ ဘဝဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်ကြားဆက်သွယ်ရေးစသည့် ကဏ္ဍရှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သည့်အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပဲခူးတိုင်း(အရှေ့ခြမ်း)၊ မန္တလေးတိုင်းစသည့် ပြည်နယ်နှင့် တိုင်းများသို့ ကွင်းဆင်းသွားရောက်ခဲ့ပြီး ဒေသခံအမျိုးသမီးများနှင့် တွေ့ဆုံကာ မိသားစုစကားဝိုင်း အသွင်ဖွဲ့ကာ ရင်နှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ အခက်အခဲများကို အကြံကောင်း ဉာဏ်ကောင်းများပေး၍ ဖြေရှင်းခြင်း၊ လိုအပ်မှုများအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လူမှောင်ခို၊ လူပွဲစားများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး နည်းလမ်းများ ဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာဆိုရင် နိုင်ငံတော်အစိုးရရဲ့ အားပေးကူညီမှု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ကွင်းဆင်းဆွေးနွေး ပညာပေး ထိရောက်မှု၊ မိတ်ဖက်အဖွဲ့အစည်းများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊ လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်၏ ဟန်ချက်ညီညီ အလေးထားဆောင်ရွက်မှုတွေကြောင့် ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း လူပွဲစား ၃၅၂ဦးအား အမှုပေါင်း ၁၇၃ မှုဖြင့် အရေးယူနိုင်ခဲ့ပြီး လူပွဲစားများ အန္တရာယ်မှ ၈၂၆ ဦး ကယ်တင်နိုင်ခဲ့ကာ လူပွဲစားများကို ထိရောက်သောပြစ်ဒဏ် ချမှတ်ခဲ့ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ စွမ်းဆောင်မှုများကို ကြည့်မယ်ဆိုရင် လူမှောင်ခိုကုန်ကူးမှု ပပျောက်ရေး၊ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူကာ ဆောင်ရွက်လျက်ရှိနေတာကို မျက်ဝါးထင်ထင် တွေ့နေရပါတယ်။ အခုလိုထိရောက်သော ကွင်းဆင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံအတွင်း တိုင်းနှင့်ပြည်နယ် အသီးသီးရှိ အမျိုးသမီးငယ်ရွယ်လေးများအနေဖြင့် လူမှောင်ခိုကုန်ကူးမှု၏ ဆိုးကျိုးများ၊ အသိပညာများ၊ ကာကွယ်တားဆီးရမည့် နည်းလမ်းများကို သိရှိခွင့်ရရှိတဲ့အတွက် လူမှောင်ခိုကုန်ကူးမှု အန္တရာယ်သည် မိမိနိုင်ငံမှာ ပပျောက်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုနှင့်အတူ လူမှောင်ခိုကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးအတွက် စိတ်ရင်းစေတနာကောင်းဖြင့် မည်သို့ပင် ကြိုးစားလုပ်ဆောင်နေစေကာမူ အချို့သော အနောက်နိုင်ငံကြီးများက မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုသောသဘောဖြင့် မြန်မာအမျိုးသမီးများ ဖိနှိပ်ခံနေရသယောင်၊ မြန်မာအမျိုးသမီးများ အခွင့်အရေး နစ်နာဆုံးရှုံးနေသယောင်၊ မြန်မာအမျိုးသမီးများ ရောင်းကုန်သဖွယ် လူကုန်ကူးခံနေရသယောင် မမှန်မကန် လုပ်ကြံစွပ်စွဲမှုများ လုပ်ဆောင်နေကြဆဲပင် ဖြစ်ပါတယ်။

ယခုလို အခြေအနေအချိန်အခါမျိုးမှာ မြန်မာနိုင်ငံအပေါ် သဘောထားမှန်ကန်မှုတစ္စာဖြင့် စေတနာအပြည့်အဝထားပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ လူမှုရေးကဏ္ဍတွင် စေတနာ့ဝန်ထမ်း ကူညီပံ့ပိုးဆောင်ရွက်နေကြသော နိုင်ငံတကာမှ အစိုးရမဟုတ်သည့် လူမှုရေး အဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် လက်တွဲပူးပေါင်းဆောင်ရွက်ဖွယ်ရာများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန် လိုပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို အောက်ပါ ရည်ရွယ်ချက်များဖြင့် အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

(ခ) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်။

(ဂ) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်တို့ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

(ဃ) တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့်စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်။

(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်။

(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အဆင့်မြှင့် တိုးချဲ့ဆောင်ရွက်သွားမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ ထိန်းသိမ်းစောင့် ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာရေးစသည့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ အရှိန်အဟုန်မြှင့်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အပြင် အခြားသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးလုပ်ငန်းတာဝန်များကိုလည်း တိုးတက်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ ကျေးလက်နှင့် အစွန်အဖျားဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်တွင် အမျိုးသမီးကဏ္ဍမှ ပူးပေါင်းပါဝင်လျက် ကျေးလက်စီးပွားရေး တိုးတက်ကောင်းမွန်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ တိုးပွားစေရေးစသည့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရန် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်ကြီးခုနစ်ရပ် အောင်မြင်ရေးအတွက် အမျိုးသမီးများကဏ္ဍမှလည်း တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးသွားပါရန် ဆန္ဒပြု တိုက်တွန်းလိုက်ရပါတယ်။ ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

☆ မြန်မာ–အိန္ဒိယမှ

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နယ်နိမိတ်ချင်း ဆက်စပ်နေပြီး ချစ်ကြည်ရင်းနှီးမှု ရှိရင်းစွဲ အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ဖြစ်ထွန်းနေသည့်အပြင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများလည်း ရှိထားပြီးဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား ဝန်ကြီးအဆင့်များ အပြန်အလှန် သွားလာလည်ပတ်မှုများရှိခဲ့သော်လည်း ယခု အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ ခရီးစဉ်မှာ မိမိတို့ အစိုးရခေတ်ကာလအတွင်း နိုင်ငံ့ခေါင်းဆောင်အဆင့်ဖြင့် ပထမဆုံး ချစ်ကြည်ရေးခရီးစဉ် ဖြစ်ရာ ထူးခြားသည့် တိုးတက်ဖြစ်ထွန်းမှုဟု ဆိုရမှာဖြစ်ကြောင်း။

အခြေခံကောင်းများချမှတ်

ယင်းချစ်ကြည်ရေးခရီးစဉ်မှာ များစွာအောင်မြင်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍနှင့် ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် အခြေခံကောင်းများ များစွာ ချမှတ်နိုင်ခဲ့ကြောင်း။

ယခု ၂၀၀၃ ခုနှစ်အတွင်း နှစ်နိုင်ငံသဘောတူစာချုပ် ခုနစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတွင် များစွာ အရေးပါသော လုပ်ငန်းများပင်ဖြစ်ကြောင်း။

စတင်အကောင်အထည်ဖော်

ယခုအခါတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကုလားတန်မြစ် ကုန်းရေနှစ်သွယ် ဆက်သွယ်ရေး စီမံကိန်း၊ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံဆက်သွယ်မှု လမ်းမကြီး တည်ဆောက်ရေးစီမံကိန်း၊ ရိဒ်–တီးတိန်၊ ရိဒ်–ဖလမ်းလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ ကမ်းလွန်ဒေသ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး စီမံကိန်း စသည့်စီမံကိန်းကြီးများအား စတင်အကောင်အထည်ဖော်လျက် ရှိကြောင်း။

ထို့အပြင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင်လည်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

လမ်းခင်းပေးနိုင်

အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ရှေ့အလားအလာကောင်းများစွာကို လမ်းခင်းပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင် အိန္ဒိယ နိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်တွင် သဘောတူညီချက်များအကောင်အထည် ဖော်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်း အစည်းအဝေး၌ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

သို့ဖြစ်၍ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ညှိနှိုင်းဆွေးနွေးရရှိချက်များ၊ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်များ ဆက်လက် အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင်၊ နှစ်နိုင်ငံ ရှေ့ဆက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အလားအလာများ ဖော်ထုတ်နိုင်စေရအောင် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးက ထိရောက်ပီပြင်စွာ အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ညှိနှိုင်း ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးအတွင်း နှစ်ဖက်ဆွေးနွေးမှုများအနက်မှ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ လူဝင်မှုကြီးကြပ်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးပညာရေး၊ ယဉ်ကျေးမှုနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် အလည်အပတ်လာရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ သဘောတူညီချက်များအရ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆုများချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲတွင် ပညာရည်ချွန်ဆုများ ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်အထက သင်ထောက်ကူစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ မိုးမိတ်တပ်နယ်မှ ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နိုဝင်ဘာ ၂၅ ရက် နံနက် ၁၁နာရီခွဲတွင် ကျောက်မဲခရိုင် မဘိမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ဧည့်သည်တော်များသည် မဘိမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ဘုရားခန်း၌ကျောင်းသား၊ ကျောင်းသူများ ဗုဒ္ဓဒေသနာတော်များ ရွတ်ဖတ် ပူဇော်နေမှုကိုလည်းကောင်း၊ သင်ကြားမှုနှင့် သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖြစ်သည့် Computer Skills, Language Section, Projected Media, Audio Lab, Language Lab, Domestic Education & Painting တို့ကိုလည်းကောင်း၊ ရသခန်း၌ ကျောင်းသား၊ ကျောင်းသူများက ဂီတနှင့် အနုပညာစွမ်းရည်များ ပြသဖျော်ဖြေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် သင်ကြားသင်ယူမှု အထောက်အကူပြု စာသင်ခန်းများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာအရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ၅၀၀၀၀၀ ကို တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ၃၀၀၀၀၀ ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းကလည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီမှလှူဒါန်းသည့် ကွန်ပျူတာတစ်စုံနှင့် အလှူငွေကျပ် ၅၀၀၀၀၀ ကို ကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးမောင်ကျေးက လည်းကောင်း၊ ငွေဆင်ကုမ္ပဏီမှ လှူဒါန်းသည့် ကွန်ပျူတာတစ်စုံနှင့်အလှူငွေကျပ် ၅၀၀၀၀၀ကို မန်နေဂျင်းဒါရိုက်တာဦးဌေးအောင်ကလည်းကောင်း၊ ပတ္တမြားဥယျာဉ်ကုမ္ပဏီမှ လှူဒါန်းငွေကျပ် ၅၀၀၀၀၀ကို ကုမ္ပဏီဥက္ကဋ္ဌ ဦးသန်းဝင်းက လည်းကောင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသားမိဘများ၏ လှူဒါန်းငွေကျပ် ၁၅သိန်းကို ကျောင်းသားမိဘများကိုယ်စား ဦးကြည်ဝင်းကလည်းကောင်းပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်က လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့သည် မဘိမ်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် မိုးမိတ်မြို့နယ် ခုနစ်မိုင် ချောင်းစောက်ဒေသရှိ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ ရွှေလီရတနာ သဘာဝသယံဇာတ ရှာဖွေထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်က စမ်းသပ်ရှာဖွေတူးဖော်နေသော ကျောက်မျက်စမ်းသပ်တူးဖော်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ခုနစ်မိုင်ချောင်းစောက်ဒေသ ကျောက်မျက်စမ်းသပ်တူးဖော်နေသော ကျောက်တွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ကျောက်မျက်စမ်းသပ်တူးဖော်မှု၊ တွေ့ရှိမှုနှင့် ရရှိနိုင်မည့် အကျိုးအမြတ်တို့ကို ခန့်မှန်းရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မိုးမိတ်မြို့သို့ ညနေ၅နာရီတွင် ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မိုးမိတ်မြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်နှင့်မဘိမ်းမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

● စစ်မှုထမ်းဟောင်းအဖွဲ့မှ

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ တိုးချဲ့ဖွဲ့စည်းရေး၊ စည်းရုံးရေး၊ လေ့ကျင့်ပညာပေးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စစ်မှုထမ်းဟောင်းများ၏ သားသမီး ထူးချွန် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ရေး၊ မိသားစုသက်သာချောင်ချိရေးလုပ်ငန်းများ၊ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့်အတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးက စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရေးနှင့်စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဖတ်ကြား

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏(၃/၂၀၀၃)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုခြင်းနှင့်အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းတာဝန်ကြီး၊ ငါးရပ်တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် နယ်မြေစည်းရုံးရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်များက မိမိတို့၏ လုပ်ငန်းအဖွဲ့များအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝိပဿနာရှုပွားနည်း ဟောပြောပို့ချမည်

ရန်ကုန်　နိုဝင်ဘာ　၂၉

ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ(ဒလ၊ အံ့ကြီး)က ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံတွင် ဒီဇင်ဘာ ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၈နာရီခွဲအထိ လည်းကောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၈ရက်မှ ၁၄ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိ ကိုယ်တွေ့ဝိပဿနာရှုပွားနည်းများကို ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို အားထုတ်နိုင်သည်ဟု သိရသည်။ (က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း အဆင့်မြှင့်တင်ခြင်း လမ်းဖွင့်ပွဲတက်ရောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်း ဆောမြို့နယ် တပြင်းတံတားဖွင့်ပွဲနှင့် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း (ပေါက်-ကျောက်ထု)အပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်　နိုဝင်ဘာ　၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ အဆင့်မြှင့်တင်ဖောက်လုပ်ခဲ့သော မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့ကို ဆက်သွယ်သည့် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်းဖွင့်ပွဲ များနှင့် မကွေးတိုင်း ပခုက္ကူမြို့နယ်ရှိ တပြင်းတံတားဖွင့်ပွဲ အခမ်းအနားတို့ကို နိုဝင်ဘာ ၂၇ရက်က မကွေးတိုင်း ပခုက္ကူမြို့နယ် ကံလှကျေးရွာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး လမ်းအပိုင်းများနှင့် တံတားတို့ကို ဖွင့်လှစ်ပေးသည်။

အကောင်အထည်ဖော်

ပခုက္ကူ-ပေါက်-ကျောက်ထု- မင်းတပ်လမ်း(ပခုက္ကူ-ပေါက်) အပိုင်း ဖွင့်ပွဲ အခမ်းအနား၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် က အမှာစကားပြောကြားရာတွင် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်း တပ်ကားလမ်းသည် အရှည် ၉၇မိုင် ခန့်ရှိပြီး ချင်းပြည်နယ်(တောင်ပိုင်း) နှင့် မကွေးတိုင်း ပခုက္ကူဒေသကို ဆက်သွယ်ပေးသည့် အဓိကကားလမ်း ဖြစ်ကြောင်း၊ ဤလမ်းကို ရာသီမရွေး မြန်ဆန်စွာ သွားလာနိုင်အောင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် နိုင်ငံတော် အကြီး အကဲ ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန် ချက်အရ ဆောက်လုပ်ရေးဝန်ကြီး ဌာနက အကောင်အထည်ဖော် ဆောင် ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ထိရောက်စွာအကျိုးပြု

ယနေ့ဖွင့်လှစ်လိုက်သည့် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ် ကား လမ်းသည် ရာသီမရွေး သွားလာနိုင် သော ကားလမ်းအဖြစ် ချင်းပြည်နယ် တောင်ပိုင်းကိုသာမက ပေါက်-ကျောက်ထု-ထီးလင်း စသည့် ဒေသ များကိုပါ ထိရောက်စွာ အကျိုးပြုသွား မှာ ဖြစ်ကြောင်း။

အထူးသဖြင့် ချင်းပြည်နယ် တောင်ပိုင်းအတွက် ကူးသန်းရောင်း ဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားရေးအခွင့်အလမ်း များတည်ရှိရာ ပခုက္ကူဒေသနှင့် ဆက်သွယ်သော လမ်းကြောင်းများ သည် ကောင်းမွန်နေရမှာဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက် ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်း သားအချင်းချင်း ထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာပြီး တစ်ဦးနှင့်တစ်ဦး ပိုမိုနားလည်၊ ပိုမိုရင်းနှီးလာကြမှာ ဖြစ်ကြောင်း မှာကြားသွားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း က လမ်းဖောက်ရေးလုပ်ငန်းနှင့် ပတ် သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံ ပြည်သူ တစ်ဦးက လမ်းဖောက်လုပ်ပေးမှုနှင့် ပတ်သက်၍ ဒေသခံ ပြည်သူများ ကိုယ်စား နိုင်ငံတော်အစိုးရကို ကျေးဇူး တင်စကား ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် လမ်း ဖွင့်လှစ်မည့်နေရာသို့ သွားရောက် နေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်း တပ်လမ်း(ပခုက္ကူ-ပေါက်) အပိုင်းကို ဖွင့်လှစ်ပေးလိုက်ကြသည်။ ယင်း နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လမ်းဖွင့်ပွဲ အထိမ်းအမှတ် မှတ်တမ်းကျောက်စာတိုင်ကို စက် ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူ-ပေါက်ကားလမ်းအတိုင်း လမ်းအဆင့် မြှင့်တင်ထားမှုကို မော်တော်ယာဉ်များ ဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေး ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီခွဲတွင် ငါးဖောင်ကန်ကျေးရွာ ကျွန်းချောင်း၊ ကံမလမ်းခွဲသို့ ရောက်ရှိ ကြပြီး ပခုက္ကူ-မင်းတပ်-မတူပီ မော် တော်ယာဉ်လိုင်းများ ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်ကြသည်။

ယင်းနောက် မော်တော်ယာဉ်လိုင်း များ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မော် တော်ယာဉ်များ စတင်ထွက်ခွာကြ သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော် ယာဉ်ဖြင့် လမ်းအဆင့်မြှင့်တင်ထား မှုကို ကြည့်ရှုစစ်ဆေးပြီး နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း (ပေါက်)အပိုင်း ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် ပေါက်မြို့နယ် ပေါက် မြို့အဝင်မုခ်ဦးသို့ ရောက်ရှိကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေ့ဦးစွာ ဆောက်လုပ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းနှင့် မကွေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးအောင်ဝင်းတို့က ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း (ပေါက်) အပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး သည်။

တက်ရောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် လမ်း အပိုင်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေး ကြပြီး ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ အဆိုပါ လမ်းဖွင့်ပွဲအခမ်းအနားသို့ ဒေသခံပြည်သူ တစ်သောင်းကျော် တက်ရောက်အားပေးကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့)
နတ်တော်လဆန်း ၇ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	လမူးတံတား
၈:၃၀	၈။	International News.
၈:၄၅	၉။	Say it in English.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၄၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်သံသရာ (အပိုင်း-၂၀)**
၁၂:၁၀	၅။	Milo Success in Soccer.
၁၂:၂၀	၆။	**အိပ်မက်တစ်ခုတော့မဟုတ်ဘူး (လွင်မိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဟိန်းစိုး)**
၁:၄၀	၇။	ဖောင်းကတောရေလှော်တမံ
၁:၄၅	၈။	**လောကနီတိ(၅) မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ (ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ခင်ဇော်)**
၂:၄၅	၉။	International News.
၃:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Everyday Use.
၄:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) (သင်္ချာ)
၅:၁၅	၆။	**တစ်ဘဝစာ (သတ္တိ၊မေသဥ္ဇာဦး၊ချောချစ်) (ဒါရိုက်တာ-ရိုးရိုး)**
၅:၃၀	၇။	(၂၂)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ အကြိုပြင်ဆင် လေ့ကျင့်မှု(ဘောလုံး)(အမျိုးသမီး)
၅:၄၀	၈။	ဆိုကြမယ်၊ပျော်ကြမယ်
၆:၃၀	၉။	ညနေခင်းသတင်း
၇:၀၀	၁၀။	မိုးလေဝသအခြေအနေ
၇:၀၅	၁၁။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၇:၁၅	၁၂။	တေးဂီတအစီအစဉ်
၇:၃၀	၁၃။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၇:၄၅	၁၄။	ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက် ရောဂါ တိုက်ဖျက်ရေးနေ့ဆွေးနွေးခန်း
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
	၁၉။	Calcio Serie A ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ်
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

အရှေ့တောင်အာရှပြိုင်ပွဲ ဘောလုံးပြိုင်ပွဲစတင် ပွဲဦးထွက်၌မြန်မာက စင်ကာပူကို နှစ်ဂိုးဖြတ်နိုင်

ရန်ကုန်　နိုဝင်ဘာ　၂၉

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသား ဘောလုံးပြိုင်ပွဲ (ခ)အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ တွင် စတင်ကျင်းပရာ မြန်မာက စင်ကာပူကိုလည်းကောင်း၊ မလေးရှားက ကမ္ဘောဒီးယားကိုလည်းကောင်း အသီးသီး အနိုင်ရရှိကာ သုံးမှတ်စီ စတင်ရရှိ သွားသည်။

မြန်မာနှင့် စင်ကာပူတို့ပွဲစဉ်တွင် ပထမပိုင်း၌ အသင်းခေါင်းဆောင် စိုးမြတ်မင်း သွင်းသည့်ဂိုးဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းတွင် နောက်ခံလူ ဌေးအောင် ခေါင်းတိုက်သွင်း၍ မြန်မာအသင်း ဒုတိယဂိုးရရှိကာ စင်ကာပူ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

ယနေ့ပွဲတွင် စင်ကာပူအသင်း၏ သေချာပေါက်ဂိုးသွင်းခွင့် သုံးလေး ကြိမ်ကို မြန်မာဂိုးသမား အောင်အောင်ဦး ကာကွယ်သွားနိုင်၍ မြန်မာအသင်း အနိုင်ရရှိခြင်းဖြစ်သည်။ မလေးရှားက ကမ္ဘောဒီးယားကို ရှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်သည်။ မြန်မာဘောလုံးအသင်းသည် ဒီဇင်ဘာ ၃ရက်တွင် ကမ္ဘောဒီးယား အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (ကြေးမုံ)



ပထမဂိုးသွင်းသူ စိုးမြတ်မင်း။

ဒုတိယဂိုးသွင်းသူ ဌေးအောင်။

တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များတွင် အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနများအောက်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ တွင် ဘွဲ့ကြိုအဆင့်(အင်္ဂလိပ်စာ အထူးပြု)၊ ဘွဲ့ကြိုအဆင့် (အခြားအထူးပြု ဘာသာရပ်များ)၊ ဘွဲ့လွန်အဆင့် (အင်္ဂလိပ်စာအထူးပြု)၊ ဘွဲ့လွန်အဆင့် (အခြားအထူးပြု ဘာသာရပ်များ) စသည့် အဆင့်လေးဆင့်ခွဲပြီး အင်္ဂလိပ်စာ-စာစီစာကုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၅ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်း သတ်မှတ်ချက်များမှာ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးတို့တွင် မှတ်ပုံတင်ထားသော ကျောင်းသား၊ ကျောင်းသူများအားလုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပြီး သတ်မှတ်ချိန်အတွင်း အနည်းဆုံး စာလုံးရေ ၁၂၀၀ ပြုစုရေးသား ရမည်ဖြစ်သည်။ အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် လည်းကောင်း၊ အဝေးသင် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့သက်ဆိုင်ရာ အဝေးသင်ဌာနခွဲများတွင် လည်းကောင်း၊ ဒီဇင်ဘာ ၁၄ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြသည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသည့် အသေးစိတ် အချက်အလက်များကို ဒီဇင်ဘာ ၁ရက်မှစ၍ အဆင့်မြင့်ပညာ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များရှိ ကြော်ငြာသင်ပုန်းများတွင် ကပ်ထားမည်ဖြစ်သည်။ အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲ အဆင့်လေးဆင့်တွင် ဗဟိုအဆင့် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ၂၀၀၃-၂၀၀၄ ခုနှစ် ပညာရေးစုံညီပွဲတော် ကျင်းပမည့်နေ့တွင် ရန်ကုန်မြို့၌ ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကျောက်ပန်းတောင်း အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့၊ ယခင်စံပြကျောင်းဟောင်း ဆရာ၊ ဆရာမဟောင်းများနှင့် အထက(၂) ဆရာ၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အထက(၂) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုဝင်းနိုင် ဖုန်း-၀၆၁-၅၀၅၇၁၊ ကိုဌေးလွင် ဖုန်း-၀၁-၆၆၆၄၅၆၊ ကိုဆန်းဗိုလ် ဖုန်း-၀၁-၆၈၂၄၇၁၊ မသန်းသန်းဝင်း ဖုန်း-၀၁-၂၅၀၈၀၀၊ ကိုဗိုလ်ကျော် ဖုန်း-၀၆၁-၅၀၆၁၁၊ မအေးမြင့်သန်း ဖုန်း-၀၆၁-၅၀၅၈၆ နှင့် ကိုဝင်းမော် ဖုန်း-၀၂-၃၂၁၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံခြားဘာသာ စကားပြောသင်တန်းဖွင့်

ရန်ကုန်　နိုဝင်ဘာ　၂၉

Chinese, English, Malay(အရေး၊အပြော၊အဖတ်) နေ့စဉ်သုံး၊ ရုံးသုံး၊ လက်တွေ့အသုံးဝင်၊ ဘာသာစကား ဝါကျစီပုံစီနည်းများကို အခြေခံ Phonetics (အင်္ဂလိပ်စာလုံး)မှစ၍ အထူးလေ့ကျင့်သင်ကြားပေးသည်။ တရုတ်စကားကို သုံးလအတွင်း ကျွမ်းကျင်တတ်မြောက်ချင်သူတိုင်း Grate Wall နှင့် ဆက်သွယ်နိုင်ပြီး ဒီဇင်ဘာ ၁ ရက်တွင် စမည်ဖြစ်သည်။ လစဉ်တန်းခွဲသစ်များရှိသည်။ Home စီစဉ်ပေးသည်။ အမှတ်(၃၆၃) ဗညားဒလလမ်း (ကျောက်မြောင်းဈေးသစ်ရှေ့) တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်းတစ်ဆင့် ၅၅၉၉၉၃ နှင့် ၂၉၅၇၁၂ တို့သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့်ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

သမ္မတ နိဗ္ဗာန်ကုန်နှင့်သက်န်းပရိက္ခရာတိုက်ဆိုင်ကြီး ဆိုင်သစ်ဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၉

သမ္မတနိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာတိုက်ဆိုင်ကြီး ဆိုင်သစ်ဖွင့်ပွဲနှင့် တောင်တန်းဒေသနှင့် နယ်စပ်ဒေသ သာသနာပြုလုပ်ငန်းများအတွက် သာသနာရေးဝန်ကြီးဌာနသို့ အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်စနာရီခွဲတွင် အဆိုပါ ဆိုင်သစ်တည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁၅၆) ရွှေဂုံတိုင်လမ်းမကြီး၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ချီးမြှင့်သည်။

သမ္မတ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းပရိက္ခရာတိုက်ဆိုင်ကြီး ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် က ဆိုင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ ဆိုင်သစ်ကို သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ရန်ကုန်အနောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် သမ္မတနိဗ္ဗာန်ကုန် နှင့် သင်္ကန်းပရိက္ခရာတိုက် ဆိုင်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင် တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ သည်။

ဆက်လက်၍ သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် က ဆိုင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက်ဝန်ကြီးနှင့် တာဝန်ရှိသူ များသည် ဆိုင်သစ်ကြီး၌ ရောင်းချမည့် မန္တလေးမှ နိုင်ငံကျော် ကျောက်ဆစ် ပညာရှင်များ၊ ကြေးခတ်၊ ကြေးသွန်း ပန်းပုပညာရှင်များ၏ လက်ရာ ဗုဒ္ဓ ရုပ်ပွားတော် ရုပ်တုအမျိုးမျိုး၊ ဝိနည်း တော်နှင့်အညီ ချုပ်လုပ်ထားသော ဝါဆို၊ ကထိန်၊ ရှင်ပြု ရဟန်းခံတို့အတွက် အင်းလေးကြာ(အစစ်)နှင့် ဘုရား ရွှေကြာသင်္ကန်းအမျိုးမျိုး၊ ရှင်လောင်း၊ နားသ၊ ယောဂီ၊ သီလရှင်နှင့် ဖိုးသူတော် ဝတ်စုံအမျိုးမျိုး၊ ပရိက္ခရာမျိုးစုံ၊ ဘုရား ပလ္လင်များနှင့် တရားဟောပလ္လင်များ ကို လှည့်လည်ကြည့်ရှုကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် အလှူရှင် မိသားစုက အလှူငွေပေးအပ်လှူဒါန်းရာ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးသည်။

(သတင်းစဉ်)

အင်္ဂလိပ်စာ သင်တန်းများဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

အင်္ဂလိပ်စာနှင့် စကားကို ကျွမ်းကျင်စွာ ဖတ်လို၊ ရေးလို၊ ပြောလိုသူများနှင့် တက္ကသိုလ်တက်မည့်သူများ၊ တက်နေသူများ၊ MBA ဝင်ခွင့်ဖြေမည့်သူများ၊ တက်မည့်သူများအတွက် ဆရာ ဦးကံညွှန့်မောင်က အထောက်အကူပြု သင်တန်းများတွင် အင်္ဂလိပ်စာလုံး ၃၀၀၀၏ အနက်အဓိပ္ပာယ်နှင့် အသုံးအမျိုးမျိုး၊ Idioms များ၊ Slang များ၊ စကားပုံများ၊ ဆိုရိုးစကားများ၊ သဒ္ဒါဝါဒများကို ဥပမာဝါကျပေါင်း မြောက်မြားစွာဖြင့် သင်ကြားပေးမည် ဖြစ်သည်။

Company to Company စီးပွားရေးပေးစာ၊ ပြန်စာရေးနည်းများ၊ စေ့စပ်ဆွေးနွေးပွဲများ၊ စားပွဲဝိုင်းများ တွင် အသုံးပြုသည့် အင်္ဂလိပ်စာများကို အထူးအလေးထား လေ့ကျင့်ပေးလျက် ရှိရာ အမှတ် ၁၈၀(ပထမထပ်) ၃၈လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အိမ်ပုံစံရေးဆွဲထုတ်လုပ်မှု အတွေ့အကြုံများရှင်းလင်း

ရန်ကုန် နိုဝင်ဘာ ၂၉

ရွှေမာလာဆောက်လုပ်ရေးကုမ္ပဏီ၏ အိမ်ရာစီမံကိန်းများ ပုံစံရေးဆွဲထုတ်လုပ်မှု အတွေ့အကြုံ ရှင်းလင်းပွဲကို နိုဝင်ဘာ ၂၇ ရက် ညနေ ၃နာရီက သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ရွှေအင်ကြင်း ရိပ်မွန်အိမ်ရာ G-1တွင် ကျင်းပသည်။

ရှေးဦးစွာ ရွှေမာလာ ဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးမြတ်ငြိမ်းက အိမ်ရာဆောက်လုပ်ထားမှုနှင့် ပတ်သက်၍ မိတ်ဆက်စကား ပြောကြားသည်။ ထို့နောက် Housing Design & Production အကြောင်းကို ဗိသုကာပညာရှင် ဦးဝင်းဇော် **(အောက်ပုံ)**က ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ဧည့်သည်တော်များနှင့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

(အောက်ပုံ) (က-ပ)

အောင်မြင်ရေးအတွက် သော့ချက် ၅၂ ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၉

စာရေးဆရာ စိုးထိုက်၏ အောင်မြင်ရေးအတွက် သော့ချက်-၅၂ စာအုပ်ကို Quality Publishing House စာအုပ်တိုက်-ဖုန်း ၇၀၆၄၁၄၊ ၂၈၂၆၀၄ အမှတ် (၁၅၃)၊ (၅/က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(ယာပုံ)**

(က-ပ)



ယနေ့ထုတ်

စောင်ရေ

၁၉၅၅၆၆

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်

INTERNATIONAL DAY OF DISABLED PERSONS

3rd December, 2003

"မသန်စွမ်းသူတို့ရင်တွင်းစကား၊ စာနာထောက်ထားအလေးထား"

"A Voice of Our Own"

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ဖားကန့်မြို့နယ်၌ ဘိန်းဖြူများ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၂၉

နယ်မြေခံ တပ်မတော်သားများ၊ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၂ရက်တွင် ဖားကန့်မြို့၊ အေးသာယာ ရပ်ကွက်ရှိ ရင်ခတ်ပန်း အလှပြင်ဆိုင်သို့ ရောက်ရှိနေသူ မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာ ရွှေဝါရပ်ကွက်နေ ဦးမန်ရင်၏သား စိုင်းရီ(ခ)ရီထွန်းအား မူးယစ်ဆေးဝါးများ အရောင်းအဝယ် ပြုလုပ်နေကြောင်း သတင်းအရ ဖမ်းဆီး ရှာဖွေစစ်ဆေးခဲ့ရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိမှု မရှိသော်လည်း ၎င်းသည် ဘိန်းဖြူများအား ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် အိမ်အမှတ် (၅၁)နေ ဦးဖပေါင်း၏သား ဦးပေါင်ရှင်းထံမှ ဝယ်ယူ၍ ဖားကန့်မြို့နယ် လုံးခင်း ကျေးရွာအုပ်စု မော်စီစာကျေးရွာ ဥတု ချောင်းဘေးရှိ ရွှေကျင်းတွင် အစောင့်အဖြစ် လုပ်ကိုင်နေသူ ဦးလုကျော်၏ သား သောင်းကျန်ထံတွင် အပ်နှံထားကြောင်း သိရှိရသဖြင့် ဆက်လက်ရှာဖွေမှုများ ပြုလုပ်ခဲ့ရာ သောင်းကျန်အား ဘိန်းဖြူဆပ်ပြာခွက် ၄၈ခွက်၊ အလေးချိန် သုည ဒသမ ၇၉၅ ကီလိုဖြင့်လည်းကောင်း၊ ဦးပေါင်ရှင်းအား ဘိန်းဖြူဆပ်ပြာခွက် နှစ်ခွက် အလေးချိန် သုည ဒသမ ဝ၃၄ ကီလိုဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အရေးယူဆောင်ရွက်

အဆိုပါဖြစ်စဉ်တွင် တရားခံ သုံးဦးအား ဘိန်းဖြူဆပ်ပြာခွက် ၅၀ခွက်၊ အလေးချိန် သုည ဒသမ ၈၂၉ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိ တရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

(၁-၁၂-၂၀၀၃)

World AIDS Day

အိဒ်စ်ရောဂါ ကြုံတွေ့သူ ကြည်ဖြူစာနာ လက်တွဲကူ

Live and Let Live

ကျန်းမာရေးဝန်ကြီးဌာန

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တ ဝိနယ သာမညဆရာတော်ကြီး ပျံလွန်တော်မူ

ရန်ကုန် နိုဝင်ဘာ ၂၉

ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညတောင်ပေါ်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော သာမညတောင်ပေါ်ကျောင်းတိုက် ပဓာန နာယက ဆရာတော်အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဝိနယဆရာတော်ကြီးသည် သာသနာအကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်း သက်တော်(၉၃)နှစ် သိက္ခာတော် (၇၃)ဝါအရ ၁၃၆၅ခုနှစ် နတ်တော်လဆန်း ၆ရက်၊ နိုဝင်ဘာ ၂၉ရက် (စနေနေ့)နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဝဋ္ဋသုတ်ပရိတ်တော် ပူဇော်နည်းများ စာအုပ်ထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၂၉

စာရေးဆရာ မောင်တည်ကြည် (အရှင်နေမိန္ဒြဓမ္မဝိဇ္ဇာ)ပြုစုသော ဝဋ္ဋသုတ်ပရိတ်တော်၏ ကိုယ်တွေ့အကျိုးဖြစ်ရပ်ထူးဖြစ်ရပ်ဆန်းများနှင့် ပူဇော်နည်းများစာအုပ်ထွက်ရှိလာသည်။

(အပေါ်ပုံ)

ကေမ္ဘာမိဒီယာမှ ထုတ်ဝေ၍ ပါရမီစာပေ၊ အမှတ်(၂၃၀) ၂၉လမ်း ရန်ကုန်မြို့က ပြည်လုံးကျွတ် ဖြန့်ချိသည်။ တန်ဖိုး ကျပ် ၁၂၀၀ဖြစ်သည်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ပစ္စည်းသိုလှောင်ရုံနှင့် မီးသတ်စခန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရ စိန်သောင်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၈ရက် မွန်းလွဲပိုင်းတွင် တောင်ဥက္ကလာပမြို့နယ်ရှိကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီးဌာနပိုင် သိုလှောင်ရုံရှိ ပစ္စည်းများ သိုလှောင်မှုကို လည်းကောင်း၊ တောင်ဥက္ကလာပနှင့်မြောက်ဥက္ကလာပမြို့နယ်မီးသတ်စခန်းများရှိ မီးသတ်ယာဉ်များ ကြံ့ခိုင်ရေး၊ စက်သုံးဆီသုံးစွဲမှု၊တပ်ဖွဲ့ဝင်များ သက်သာချောင်ချိရေး ဆောင်ရွက်ထားမှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်အိမ်ထောင်သည်လိုင်းများအားလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

သူနာပြုအကူသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

အမျိုးသမီး ငယ်များအတွက် ကိုယ်ကျင့်တရား ကောင်းမွန်စေရန်၊ ကျန်းမာအောင်နေနိုင်ရေးအတွက် ဗဟုသုတရစေရန်၊ အိမ်ထောင်ထိန်းသိမ်းမှု နိုင်နင်းစေရန်၊ အိမ်တွင်း သူနာပြုအတတ်ပညာကို တတ်ကျွမ်းစေရန်၊ မိသားစုကျန်းမာရေးကို ထောက်ကူပြုစေရန် ရည်ရွယ်လျက် သိပ္ပံကျော်စီမံခန့်ခွဲမှုသင်တန်းမှ အငြိမ်းစား သူနာပြုဆရာမကြီးများက သူနာပြုအကူသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အမှတ်(၂၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်း(၄၀) ထိပ်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း- ၂၈၇၆၀၆ သို့ ဆက်သွယ်သင်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

မျက်စိကျန်းမာ လူချမ်းသာ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၉

၂၀၀၂ခုနှစ် အမျိုးသားစာပေ၊ သုတပဒေသာ (အသုံးချသိပ္ပံ) ဆုရ ဒေါက်တာထွန်းအောင်ကျော်(မျက်စိ) ရေးသားသော "မျက်စိကျန်းမာ လူချမ်းသာ" စာအုပ်ကို၊ ယုံကြည်ချက်စာပေ အမှတ်-၁၁၁၊ တတိယထပ်(ညာ) ၃၃ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က-ပ)

အမျိုးသား၊ အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၂၉

Myanmar P.G.A နှင့်မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၃ (Myanmar Golf Tour 2003) ၏ စတုတ္ထပွဲစဉ် Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၈နာရီတွင် ပဲခူးမြို့နယ်ရှိ Hanthawaddy Golf and Country Club ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ တတိယနေ့ (၁၈)ကျင်းကစားအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ လက်ရှိချန်ပီယံ စိုးကျော်နိုင်(Pan-West)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၀+၇၃+၇၁နှင့် မြင့်ရွှေ(Wilson) က ၇၁+၆၉+၇၄ ပေါင်း ၂၁၄ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

တတိယလိုက်

အောင်ဝင်း (Y.C.D.C) က ၇၁+၇၃+၇၃ နှင့် ဇော်ဇော်လတ် (Pan-West)က ၆၈+၇၄+၇၅ ပေါင်း ၂၁၇ ချက်စီဖြင့် ဒုတိယလိုက်ကြပြီး သန်းနိုင်(ပဲခူး)က ၇၅+၇၄+၇၁ ပေါင်း ၂၂၀ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဇော်ဇင်ဝင်းက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၂+၇၃+၇၀ ပေါင်း ၂၁၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်အောင်ကျော်ကလည်း သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ပြီး ၇၂+၇၆+၆၈ ပေါင်း ၂၁၆ချက်ဖြင့် ဒုတိယလိုက်ပြီး သိန်းဇော်မြင့်က ၇၄+၇၆+၇၂ ပေါင်း ၂၂၂ချက်ဖြင့် တတိယလိုက်နေသည်။

ဦးဆောင်ကစား

အမျိုးသမီးပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းကစားအပြီးအကျော့မဲ့ (Scratch) ပြိုင်ပွဲ၌ လက်ရှိချန်ပီယံ ခင်သူသူ (Y.C.D.C) က ၇၇+၇၈ ပေါင်း ၁၅၅ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ခင်မာညွန့်က ၇၉+၈၈ ပေါင်း ၁၆၇ ချက်ဖြင့် ဒုတိယလိုက်ပြီး မဌေးဌေးက ၉၄+၈၉ ပေါင်း ၁၈၃ချက်ဖြင့် တတိယလိုက်နေသည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲကို Main Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd.က တာဝန်ယူပြီး Official Air Line အဖြစ် Air Mandalay က လည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam(Musing Wear) က လည်းကောင်း၊ Official Drinking Water အဖြစ် Loi-Hein (Alpine) ကလည်းကောင်း၊ Official Equipment Supplier အဖြစ် K.M Golf Centre၊ Maruman နှင့် Wilson တို့ကလည်းကောင်း၊ Official Office Equipment Supplier အဖြစ် Canon က လည်းကောင်း၊ Official Paint Supplier အဖြစ် U.P.G ကလည်းကောင်း၊ Hole-in-One ဆုကို Sun Far Travels and Tour ကလည်းကောင်း၊ Pan-West နှင့် Eastern Pro Enterprise Ltd. တို့ကလည်းကောင်း အသီးသီး ပံ့ပိုးကူညီကြသည်။

စတုတ္ထပွဲစဉ်ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်ကျင်းပ

စတုတ္ထနေ့ အမျိုးသား (၁၈)ကျင်းပြိုင်ပွဲနှင့် အမျိုးသမီးတတိယနေ့(၁၈)ကျင်းပြိုင်ပွဲများကို နိုဝင်ဘာ ၂၈ရက် နံနက် ၈နာရီတွင် ယင်းနေရာ၌ ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ Professional Golfersပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော လက်ရှိချန်ပီယံ စိုးကျော်နိုင် (Pan-West) ယှဉ်ပြိုင်စဉ်။(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကရင်ပြည်နယ်၊ ဘားအံမြို့နယ် သာမညတောင်ပေါ်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ ဝိနယ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ကော့ကျိုက်ပအိုဝ်းရွာ ခမည်းတော် ဦးတောင်အို၊ မယ်တော် ဒေါ်အုံးတို့မှ ၁၂၇၂ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၅ခုနှစ်တွင် မော်လမြိုင်မြို့ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးတောင်အို၊ မယ်တော် ဒေါ်အုံးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၉၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ရက်၊ သောကြာနေ့ နံနက် ၇နာရီအချိန်တွင် မော်လမြိုင်မြို့ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တအာစာရကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် ဦးတောင်အို၊ မယ်တော် ဒေါ်အုံးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်း ခဏ္ဍာသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကော့ကျိုက်ပအိုဝ်းရွာကျောင်း ဆရာတော်၊ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်း ဆရာတော်၊ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရ၊ မုတ္တမကျွဲခြံကျောင်း၊ ကဒိုးကွင်းကျောင်း၊ တိုက်ကုလား တောင်စွန်း၊ သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ စသော ဆရာတော်များထံ၌ ပရိယတ္တိကျမ်းစာများကို သင်ယူခဲ့ပါသည်။ ထို့ပြင် ပဋိပတ်ကျင့်စဉ်များကိုလည်း နည်းနာခံယူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝါးဆူကျောင်း၊ သာမည တောင်ပေါ်ကျောင်းတို့တွင် တပည့် ရဟန်းသာမဏေများအား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့ပါသည်။ ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညတောင်ပေါ်ကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိကြသော ရဟန်း၊ သာမဏေ၊ သီလရှင် ၅၀၀ခန့်တို့အား ဝိပဿနာ ရှုမှတ်ကျင့်ကြံနည်းများကို ဟောကြားပြသပေးတော်မူခြင်း၊ အရည့ကင်ဓုတင်အကျင့်ကို အစဉ်ကျင့်သုံးတော်မူခြင်း၊ သာမညတောင်ပေါ်ကျောင်းသို့ နေ့စဉ်ရောက်ရှိလာသော ယောဂီသူတော်စင် ၁၀၀မှ ၅၀၀အထိ ဘုရားဖူး ဧည့်ပရိသတ်များကို တရားဓမ္မ ဟောဖော်ညွှန်ပြတော်မူခြင်း စသော သာသနာပြုလုပ်ငန်းတာဝန်များကို ပျံလွန်တော်မူသည်အထိ ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်များ အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာ၊ ဇာဂရိယ စသော ဂုဏ်များနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်းများကို လေးစားလျက် နိုင်ငံတော်အစိုးရက ၁၉၉၁ခုနှစ်၊ နိုဝင်ဘာလ ၂၁ရက်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါအရ ၁၃၆၅ခုနှစ်၊ နတ်တော်လဆန်း ၆ရက်၊ ၂၉-၁၁-၂၀၀၃ရက်၊ စနေနေ့နံနက် ၉နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေး ဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတ တရားတော် ပဋိစ္စသမုပ္ပါဒ်နှင့် ကမ္မဘဝ ရှင်းတမ်း**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၄:၃၀** ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- **၆:၃၅** ၁၀။ မိုးလေဝသသတင်း
- **၆:၄၀** ၁၁။ မြန်မာ့ရှုခင်း
- **၆:၅၀** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရုပ်ရှင်ရုပ်မြင်ဇာတ်လမ်း ညီအစ်မလေးဖော် (အပိုင်း-၁)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၇။ **EPL ဘောလုံးပွဲ Chelsea & Manchester United**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

(က) ပထမနှစ် (မြန်မာစာ)

(ခ) ပထမနှစ် (ဒဿနိကဗေဒ)

မြန်မာ့လယ်ယာလုပ်ငန်းခွင်မှ ပြည်တွင်းဖြစ် ခေတ်မီလယ်ယာသုံးပစ္စည်းများ

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်။

စိုက်ပျိုးရေးကိုအခြေခံ

နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ၁၂ ရပ်အနက် စီးပွားရေး ဦးတည်ချက်လေးရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ဦးတည်ချက်ပါရှိသည်။

စက်မှုစွမ်းအားခေတ်ကျော်လွှား

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သမားရိုးကျ ထွန်ယက်စိုက်ပျိုးသည့် အခြေအနေမှ စက်မှုလယ်ယာစိုက်ပျိုးရေးသို့ ကူးပြောင်းဆောင်ရွက်ခဲ့ပြီး ခေတ်မီ စက်မှုလယ်ယာ စိုက်ပျိုးရေးလုပ်ကွက်ကြီးများ ဖြစ်လာအောင် ကြိုးပမ်းဖော်ဆောင်ခဲ့သည်။ စက်မှုစွမ်းအားခေတ်ကျော်လွှား ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



လယ်ယာသုံးစက်ကိရိယာများကို ပြည်ပသွင်းကုန်အစားထိုးပြီး ပြည်တွင်း၌ပင် တီထွင်ထုတ်လုပ် အသုံးပြုလျက်ရှိနေသည်။ အပေါ်ဆုံးပုံမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ တီထွင်ထုတ်လုပ်သည့် စပါးရိတ်သိမ်း ခြွေလှေ့စက်ဖြစ်သည်။ စပါးရိတ်သိမ်းခြွေလှေ့၊ အိတ်ထည့်ပြီးသည်အထိ ဆောင်ရွက်နိုင်ရာ တောင်သူလယ်သမားများအတွက် များစွာအသုံးဝင်လျက်ရှိသည်။ အပေါ်ဝဲပုံမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာသုံးစက်ရုံမှ ထုတ်လုပ်သည့် စပါးရိတ်စက်များဖြစ်သည်။ အပေါ်ပုံမှာ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အခြေခံ တီထွင်ထုတ်လုပ်ထားသည့် ထရက်တာဒိုဇာ (မြေတူးမြေကော်စက်)ဖြစ်သည်။ ဝဲပုံမှာ စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် စပါးရိတ်စက်အား လက်တွေ့သရုပ်ပြသပွဲတွင် တွေ့ရပုံဖြစ်သည်။

(ဓာတ်ပုံ-စိုက်ပျိုးရေး)

ပြည်တွင်း၌ထုတ်လုပ်

ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို ပြည်တွင်း၌ပင် ထုတ်လုပ်ပြီး ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် အရှိန် အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ မြန်မာ့ လယ်ယာလုပ်ငန်းခွင် တွင် ပြည်တွင်းဖြစ် ခေတ်မီလယ်ယာသုံး စက်ကိရိယာပစ္စည်းများ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ပြီဖြစ်သည်။

(ကြေးမုံ)

နွေအတွက်ရေမခက်စေမည့် လက်ပန်ရေလှောင်တမံ

ကွင်းဆင်းလေ့လာရေးသားသူ– ကျော်စိန်
ဓာတ်ပုံမှတ်တမ်း– [သွင်အေး(ကြေးမုံ)]

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကိုနိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် မိုးရေတစ်ခုတည်းကိုသာ အားထားစိုက်ပျိုးနေရသည့် မိုးခေါင်ရေရှားဒေသများတွင် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးလျက် ရှိသည်။

သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့်ဒေသစိမ်းလန်းစိုပြည်ရေးကိုရှေးရှု၍ အချိန်တိုအတွင်း ပြီးစီးနိုင်သော အသေးစား၊ အလတ်စား စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်သည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၂၇ လက်မခန့် ရွာသွန်းသော်လည်း မိုးရာသီတွင် စိုက်ပျိုးရေအလုံအလောက် မရရှိနိုင်သကဲ့သို့ နွေရာသီတွင် စိုက်ပျိုးရေအခက်အခဲဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ဆည်မြောင်းဦးစီးဌာနက စူးစမ်းလေ့လာမှုကိုပြုလုပ်ပြီး မြင်းမူမြို့နယ် တောချောင်းဦးရွာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာ လက်ပန်ချောင်းပေါ်၌ မြေသားတမံတစ်ခု တည်ဆောက်ခဲ့သည်။

လက်ပန် ရေလှောင်တမံမှာ မန္တလေး–မုံရွာကားလမ်း အလ္လကပ္ပရွာမှလမ်းခွဲ၍ မူလလမ်းဟောင်း ခြောက်မိုင်မှ ရေလှောင်တမံသို့ ရောက်ရှိရန် လမ်းသစ် ၁၂မိုင် ဖောက်ပေးထားသောကြောင့် ဒေသခံပြည်သူများအတွက် သွားလာရေး လွယ်ကူလျက်ရှိသည်ကို တွေ့ရသည်။

အလ္လကပ္ပရွာသည် ကျေးရွာကြီးဖြစ်ပြီး ရေလှောင်တမံနှင့် ဆက်စပ်လျက်ရှိရာ ကျေးရွာသူ၊ ကျေးရွာသားတို့သည် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါစသော ယာသီးနှံများကို စိုက်ပျိုးခြင်းဖြင့် စီးပွားရေး ဖြောင့်ဖြူးလျက်ရှိသည်။ ရေလှောင်တမံကို အကြောင်းပြု၍ မြေသားကားလမ်း ဖောက်ထားခြင်းကြောင့် သွားလာရေးလွယ်ကူပြီး စိမ်းစိုသော သီးနှံများ၊ အရိပ်ရပင်များဖြင့် စည်ပင်ဝပြောလျက်ရှိသည်ကို တွေ့ရှိရသည်။

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်၌ စိုက်ပျိုးရေနှင့် သောက်သုံးရေ ရရှိရေးအတွက် တည်ဆောက်လျက်ရှိသော လက်ပန်ရေလှောင်တမံ ရေထိန်းမျှော်စင်ကိုအောက်တိုဘာ ၉ရက်က တွေ့ရစဉ်။
[ဓာတ်ပုံ–သွင်အေး(ကြေးမုံ)]

လက်ပန်ရေလှောင်တမံမှာမိုးရွာသွန်းမှုအပေါ်မူတည်၍ ဝင်လာသောချောင်းရေကို အလဟဿ မဖြစ်စေရန် လက်ပန်ချောင်းကို တမံပိတ်၍ ရေလှောင်တမံ တည်ဆောက်ခြင်းဖြစ်သည်။ လက်ပန်ရေလှောင်

"လက်ပန် ရေလှောင်တမံက ကျေးရွာသုံး သောက်သုံးရေကို ရွာအထိပေးဖို့ ရေပိုက်ငုတ် ထုတ်ထားပါတယ်" ဟု တောချောင်းဦးကျေးရွာမှ တောင်သူဦးတင်စိုးက ပြောပြသည်။
[ဓာတ်ပုံ–သွင်အေး(ကြေးမုံ)]

တမံရေဆင်းဧရိယာမှာ ၁၆ စတုရန်းမိုင်ရှိ၍ တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံ၏ အလျားမှာပေ ၄၀၀၀ ရှိ၍ တမံအမြင့်သည် ၉၁ ပေ ရှိသည်။

ကြေးမုံသတင်းအဖွဲ့သည်အောက်တိုဘာလ ၉ ရက်နေ့တွင် လက်ပန်ရေလှောင်တမံသို့ ရောက်ရှိသွားသည်။ ယခုနှစ်တွင် ရေလှောင်တမံအတွင်း ရေဝင်နည်းလျက်ရှိသော်လည်း နိုဝင်ဘာလအတွင်း ရွာသွန်းတတ်သော နောက်မိုးကို မျှော်လျက် ရေလှောင်နိုင်ရန် အသင့်စောင့်လျက်ရှိသည်ကို တွေ့ခဲ့ရသည်။

လက်ပန် ရေလှောင်တမံဒေသ တစ်ဝိုက်တွင် မိုးဦးမိုးနှောင်း ရာသီဥတုကိုအမှီပြု၍ ယာသီးနှံများကို နှစ်သီးစားရရှိအောင် စိုက်ပျိုးကြသည်ဟု သိရသည်။ လက်ပန်ရေလှောင်တမံတွင် ရေများသိုလှောင်၍ ဆည်ရေသောက်ဧရိယာသို့ ရေများ ဖြန့်ဝေပေးမည်ဆိုပါက စပါးစိုက်ပျိုးကြရန် စီစဉ်လျက်ရှိကြသည်။

လက်ပန်ရေလှောင်တမံမှာ စိုက်ပျိုးရေးအတွက် ရေပေးရန်အပြင် ရေထုတ်ပြွန်မှ ကျေးရွာ ရေရရှိရေးကို ရည်ရွယ်ပြီး သောက်သုံးရေပေးနိုင်ရန် ရေပိုက်ကို သီးခြားထုတ်ပေးထားသည်။ သောက်သုံးရေပေးရန်အတွက် ကျေးရွာထိပ်များတွင် ရေငုတ်များကိုလည်း တည်ဆောက် ပေးထားခြင်းဖြင့် သောက်သုံးရေ ရှားပါးမှုကို ပြေလည်အောင် ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းအတွင်း၌ ရေလှောင်တမံများ တည်ဆောက်ပေးလျက်ရှိရာတွင် တည်ဆောက်ပြီး ရေလှောင်တမံ ၁၄ ခုရှိ၍ စိုက်ပျိုးဧက သုံးသိန်းခြောက်သောင်းကျော်ကိုအကျိုးပြုလျက်ရှိသည်။ တည်ဆောက်ဆဲ ရေလှောင်တမံမှာသုံးခုရှိ၍ စိုက်ပျိုးဧက ၅၆၀၀ ကိုအကျိုးပြုနိုင်မည်ဖြစ်သည်။ ဆက်လက်၍ တည်ဆောက်မည့် ရေလှောင်တမံမှာ ၁၁ ခုရှိ၍ စိုက်ပျိုးဧက တစ်သိန်းခုနစ်သောင်းကျော်ကို အကျိုးပြုမည်ဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် လက်ပန်ရေလှောင်တမံ တည်ဆောက်အကောင်အထည်ဖော်ပေးခြင်းနှင့် ပတ်သက်၍ လက်ပန်ရေလှောင်တမံနှင့် နီးကပ်လျက်ရှိသော တောချောင်းဦးရွာမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မေးမြန်းခဲ့သည်။ ရှေးဦးစွာ တောချောင်းကြီးရွာမှ တောင်သူ ဦးသန်းအောင်အား မေးမြန်းခဲ့သည်။

ကြေးမုံ ။ ။ တောချောင်းရွာ စိုက်ပျိုးရေနှင့်ပတ်သက်၍ အခြေအနေ ဘယ်လိုရှိပါသလဲ။

ဦးသန်းအောင်။ ။ကျွန်တော်တို့ဒေသဟာ မိုးခေါင်ရေရှား ဆိုတော့ မိုးကိုပင် အားကိုးမှီခိုစိုက်ပျိုးကြရပါတယ်။ မိုးခေါင်ရေရှားဆိုတော့ ရေမရပါဘူး။ စပါး အောင်လောက်အောင် ရေမရနိုင်တော့ မစိုက်ကြတော့ပါ။ ဟိုတုန်းကတော့ စိုက်ခဲ့ကြဖူးပါတယ်။ အနည်းအကျဉ်းပါပဲ။ အိမ်စားရုံလောက်ပါပဲ။ များများစားစား မစိုက်ရဲကြပါဘူး။ လူတိုင်း မစိုက်ခဲ့ကြပါဘူး။

ကြေးမုံ။ ။ လက်ပန်ရေလှောင်တမံ စီမံကိန်းအရ ရေပေးမယ်ဆိုတော့ စိုက်ရေး၊ ပျိုးရေးမှာ စပါးစိုက်ပျိုးကြဖို့ အစီအစဉ်ရှိပါသလား။

ဦးသန်းအောင်။ ။ရှိပါတယ်။ စိုက်လို့ဖြစ်တဲ့မြေတွေရှိပါတယ်။ အထူးပြုပြင် စရာမလိုပါဘူး။

ကြေးမုံ။ ။ ဆည်တည်ဆောက်ခြင်းကြောင့် ဘယ်လို အကျိုးခံစားရမယ်လို့ မျှော်လင့်ထားပါသလဲ။

ဦးသန်းအောင် ။ ။ အဓိကကတော့ မိုးမမျှော်ရတော့ သီးနှံအထွက်နှုန်း ကောင်းမယ်လို့ မျှော်လင့်ထားပါတယ်။ မိုးကြောင့် လိုတယ်၊ ရေကြောင့် လိုတယ်လို့ မရှိကြတော့ဘူးပေ့။ အရင်တုန်းကဆိုရင် နွေဘက်ရောက်တာနဲ့ ဘာမှစိုက်ပျိုးလို့ မရတော့ပါဘူး။ အခုဆည်က ရေရလျှင် မိုးကြိုနှမ်း စိုက်လို့ရမယ်၊ နွေစပါးစိုက်လို့ ရသွားမှာပါ။

ကြေးမုံ။ ။ သောက်ရေ သုံးရေနှင့် ပတ်သက်လို့ ဘယ်လိုအခြေအနေရှိပါသလဲ။ သောက်ရေသုံးရေအတွက် လက်ပန်ဆည်မှပေးဖို့ အစီအစဉ်ရှိတယ်လို့ သိရပါတယ်။

ဦးသန်းအောင်။ ။အရင်တုန်းကတော့ အဝီစိတွင်းရေကို သောက်သုံးကြရပါတယ်။ အဲဒီတွင်းတွေကလည်း နှစ်ကြာပြီဖြစ်လို့ မရတော့ပါဘူး။ အဝီစိတွင်းရေ မရလို့ ကန်ရေကို အသုံးပြုကြရပါတယ်။ ဒီနှစ်မှာတော့ ကန်တွေမှာ မိုးခေါင်လို့ ရေမဝင်ပါဘူး။ ရတဲ့နေရာမှာ သွားရှာသုံးကြရပါတယ်။ အခုဆည်က ရေရလာတော့မယ်ဆိုရင် တခြားမှာသွားယူစရာ မလိုတော့ပါဘူး။

"ရေကိုလိုအပ်သလို အသုံးပြုနိုင်မည်ဆိုလျှင်တော့ အကျိုးရှိမှာ သေချာပါတယ်" ဟု တောင်သူကြီး ဦးခင်မောင်ထွန်းက ပြောကြားသည်။
[ဓာတ်ပုံ–သွင်အေး(ကြေးမုံ)]

ကြေးမုံအဖွဲ့သည် ဆက်လက်၍ တောချောင်းဦးကျေးရွာမှ တောင်သူ ဦးခင်မောင်ထွန်းအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကြေးမုံ။ ။ လက်ပန်ရေလှောင်တမံ တည်ဆောက်တဲ့အတွက် ကျေးရွာမှာ ဘာအကျိုးကျေးဇူးတွေ ရှိမယ်လို့ ယူဆထားပါသလဲ။

ဦးခင်မောင်ထွန်း။ ။ကျွန်တော်တို့ဒေသဟာ မိုးခေါင်ရေရှားဒေသဆိုတော့ ရေမရှိရင် လုပ်ငန်း မဖြစ်ပါဘူး။ ကျွန်တော်တို့ဆီက မြွေကိုမလိုရေကို လိုသည်ဆိုတဲ့ အရပ်ဒေသမျိုး ဆိုတော့ ရေရှိမှပဲ လုပ်ငန်းဖြစ်ပါတယ်။ သောက်ရေ၊ သုံးရေလည်း ထိုနည်းငင်းပဲ။ သောက်ရေ၊ သုံးရေအတွက် ရွာသုံးဖို့ ပိုက်တစ်လုံး ထည့်ထားတယ်လို့ သိရပါတယ်။ ရွာရောက်အောင်ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ စိုက်ပျိုးရေအပြင် သောက်သုံးရေပါ ဖူလုံမှာဖြစ်ပါတယ်။ အခု အဝီစိတွင်းတွေ သုံးနေရပါတယ်။ မိုးမရှိတော့ နှစ်သီးစားပဲ လုပ်လို့ရပါတယ်။ ယာသီးနှံကို မိုးဦးတစ်သီး၊ နောက်ပိုင်း တစ်သီးလုပ်လို့ရပါတယ်။ အကယ်၍ ဆည်က ရေရမယ်ဆိုရင် နွေစပါးစိုက်လို့ဖြစ်တဲ့မြေတွေရှိပါတယ်။ ရေရရှိလို့ သီးနှံသုံးသီး စိုက်ကြရလျှင် အကျိုးဖြစ်ထွန်းကြမှာ ဖြစ်ပါတယ်။



မြင်းမူမြို့နယ် လက်ပန်ဆည်တွင် ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။ [ဓာတ်ပုံ–သွင်အေး(ကြေးမုံ)]

၎င်းနောက် တောချောင်းဦးကျေးရွာမှ တောင်သူတစ်ဦး ဖြစ်သော ဦးတင်စိုးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကြေးမုံ။ ။ ဦးတင်စိုး ဘာသီးနှံတွေ စိုက်ပျိုးပါလဲ။

ဦးတင်စိုး။ ။မိုးဦးမှာနှမ်းတို့ ဝါတို့ စိုက်ပြီး နောက်ပိုင်းမှာ ပဲ၊ မြေပဲ၊ ကုလားပဲတို့ စိုက်ပါတယ်။

ကြေးမုံ။ ။စိုက်ရေးပျိုးရေးနှင့်ပတ်သက်ပြီးတော့ စိုက်ပျိုးရေးဌာနက လိုအပ်တဲ့ပံ့ပိုးမှုများရပါသလား။

ဦးတင်စိုး။ ။ ရပါတယ်။ ဝါမှာဆိုရင် မြေဆီတို့ ဓာတ်မြေဩဇာတို့ ပံ့ပိုးပါတယ်။

ကြေးမုံ။ ။ ဦးတင်စိုးတို့ရွာမှာ သောက်သုံးရေကို ဘယ်လိုသောက်သုံးကြပါသလဲ။

ဦးတင်စိုး။ ။ အဝီစိရေကို ဝယ်သုံးကြရပါတယ်။ ယခု လက်ပန်ရေလှောင်တမံက ကျေးရွာသုံး သောက်သုံးရေကို ရွာအထိပေးဖို့ ရေပိုက်ငုတ် ထုတ်ပေးထားပါတယ်။ ရွာအတွင်းရောက်အောင် ပိုက်သွယ်ဖို့ ကော်မတီဖွဲ့ထားပါတယ်။ ဆည်တည်ဆောက်လိုက်တဲ့အတွက် နှစ်သီးစားကနေ သုံးသီးစားဖြစ်လာမှာဖြစ်လို့ ဝမ်းသာရပါတယ်။ သောက်သုံးရေလည်း ပေါများလာပါတယ်။ လက်ပန်ရေလှောင်တမံ တည်ဆောက်ထားသော ဒေသမှာ မိုးကာလမိုးရွာလျှင် ချောင်းအတွင်း၌ ရေရှိပြီး၊ နွေကာလသို့ရောက်ရှိသောအခါတွင် ချောင်းအတွင်း၌ ရေမရှိတော့ဘဲ ချောင်းခြောက် ဖြစ်သွားပါတယ်ဟု ပြောသည်။

ဒေသခံ တောင်သူကြီးများက ဆက်လက်၍ ပြောကြားရာတွင် ဆည်များ နိုင်ငံအနှံ့တွင် တည်ဆောက်နေသည်ကို ကြားနေခဲ့ရကြောင်း၊ ၎င်းတို့ဒေသတွင်လည်း လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က ဆည်ဆောက်ရန်အတွက် လာတိုင်းလိုက် ပြန်သွားလိုက် ဆိုတော့ အခုလည်း လာပြီး တိုင်းကြ ထွာကြတာ တွေ့တော့ ဟိုတုန်းက လိုပဲ ပြန်သွားကြမှာပဲလို့ ထင်ခဲ့ကြောင်း။

မနှစ်ကမှ လာပြီးလုပ်ကြမှ အခုတော့ ဆောက်ဖြစ်ပြီလို့ ဝမ်းသာကြရပါကြောင်း၊ မိမိတို့ ကိုးနှစ်သား ၁၀ နှစ်သားလောက်ကစပြီး တိုင်းကြထွာကြတာဖြစ်ကြောင်း ပြောကြားသွားသည်။

ယခင်က မိုးရွာသွန်းမှုအပေါ် မူတည်၍ ယာသီးနှံ တစ်သီးမှ

"အဓိကကတော့ မိုးမမျှော်ရတော့ သီးနှံအထွက်နှုန်း ကောင်းမယ်လို့ မျှော်လင့်ထားပါတယ်" ဟုတောင်သူကြီး ဦးသန်းအောင်က ပြောပြသည်။
[ဓာတ်ပုံ–သွင်အေး(ကြေးမုံ)]

နှစ်သီးစိုက်ပျိုးနိုင်ကြသည်။ မိုးခေါင်လျှင် တစ်သီးကိုပင် အနိုင်နိုင်စိုက်ပျိုးခဲ့ရသော ဒေသဖြစ်ရာ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် လက်ပန်ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့်ယာသီးနှံနှစ်သီးမှ သုံးသီးအထိ စိုက်ပျိုးနိုင်တော့မည့်အပြင် စပါးစိုက်ပျိုး နိုင်သော မြေများတွင် စပါးစိုက်ပျိုးခြင်းဖြင့် ဒေသဆန်ဖူလုံပြီး တောင်သူများ ဝင်ငွေတိုးတော့မည် ဖြစ်ပါကြောင်း ဖော်ပြရပါသည်။ ။ **(ကြေးမုံ)**

တုန်းတာ ကုန်စည်ပြပွဲ အထူးအစီအစဉ် အိမ်အလှဆင်ပစ္စည်းများ ရောင်းချ

ရန်ကုန် နိုဝင်ဘာ ၂၉

Three Friends Co., ၏ အိမ်အလှဆင်ခြင်းလုပ်ငန်းများ ဖြစ်သော မျက်နှာကြက် အလှဆင်ခြင်း၊ အခန်းနံရံကာခြင်း၊ ပလာစတာကောနစ်ကပ်ခြင်း၊ ဆေးသုတ်ခြင်း၊ ပါကေးခင်းခြင်း၊ ကြွေပြားကပ်ခြင်း စသော လုပ်ငန်းများအား အထူးနှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ Three Friends Co., ၏ အိမ်အလှဆင်ပစ္စည်းများဖြစ်သော မျက်နှာကြက်နှင့် နံရံကာရံခြင်းအတွက် စန်းယိုမီးခံပြားများ၊ စန်းယိုဖိုင်ဘာဂလပ်စ် တံခါးများ၊ စန်းယိုပလာစတာကောနစ်များအား ကုန်သွယ်မှုဗဟိုဌာန တုန်းတာကုန်စည်ပြပွဲတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ စိတ်ပါဝင်စားသူများသည် ပြပွဲရက်အတွင်း ၂၆-၁၁-၂၀၀၃ မှ ၃၀-၁၁-၂၀၀၃ရက်ထိ လာရောက်ကြည့်ရှုဝယ်ယူနိုင်သည်။ ဖုန်း-၂၀၁၁၂၀၊ ၂၉၄၈၆၄၊ ၀၉၈၀ ၃၄၄၃၁သို့လည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရီပိုတာ နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၉၇) ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၉

မြေနီကုန်းဖိုးလုံး၏ အီရတ် အာဏာလွှဲပြောင်းပေးရေးအစီအစဉ် ကုလသမဂ္ဂ ထောက်ခံမှုရရေး အမေရိကန်ကြိုးပမ်း၊ မင်းရွှေမောင်၏ ရွှေလျားနေသော ပစ်မှတ်များ အပါအဝင် ပင်တိုင်ဆောင်းပါးရှင်များ၏ သတင်းများနှင့် အင်တာနက်သတင်းအဖုံဖုံကို ခေတ်ပုံဝေဝေဆာဆာဖြင့် Reporter နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၉၇) ဖုန်း-၇၂၀၇၇၉ က ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)** (က-ပ)

မောင်အောင်ကျော်ဖြိုး(ဖြိုးကြီး)နှင့် မအိမ်ဖြူစင်ဋွေး(အိသဲ)အတွက်

မင်္ဂလာဆုတောင်း

သူငယ်ချင်း ကိုဖြိုးနှင့် အိသဲတို့ရဲ့ ၂၉-၁၁-၂၀၀၃မင်္ဂလာရက်မြတ်မှစ၍ သက်ဆုံးတိုင် သာယာပျော်ရွှင်သော မိသားစုဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။

သူငယ်ချင်းများ-သက်ဝေအောင်၊ စိုးမင်း၊ကျော်လင်း၊ နိုင်အောင်လင်း၊ဝေလင်းအောင်၊နေဝင်း၊တေဇာ။

Happy Birthday

Ching Ching (30th Nov 2003)

Pre K.G (Diplomatic School)
Wishing you Healthy, Beautiful mind and all the best.

love you, Par Par, Mar Mar, Sanmei, Uncle Kyaw & United Machinery Group

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ဦးမြကြည်+ဒေါ်တင်လှတို့၏သား
ဗိုလ်အောင်အောင် B.A(Myanmar)Q, (D.S.A).M.A Final Part I (Y.U) နှင့်
ဗိုလ်မှူးမြင့်အောင်-ဒေါ်မာမာစိုးတို့၏ တစ်ဦးတည်းသောသမီး
မမေဆုစံ Second Year(Myanmar Studies) CHRD, Y.U First Year (Law)U.D.E

တို့၏ ၂၂-၁၁-၂၀၀၃ရက်နေ့တွင် ပြင်ဦးလွင်မြို့၊ ချယ်ရီခန်းမ၌ကျင်းပသည့် မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဇနီး ဒေါ်တင်တင်နွယ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်တင်မမထွန်းတို့အား လည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးသော တပ်နယ်မှူးနှင့် စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဘက်ဆွေမျိုးမိတ်သင်္ဂဟ အားလုံးတို့အား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့် ဗိုလ်အောင်အောင်+မမေဆုစံ။

နေရာကွက်ကျား

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း(၄၀) ဖြစ်သည်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သုခလမ်း၊အမှတ်(၅)နေ
ဦးတင်မောင်သန်း(အောင်ရတနာကုန်စည်ပို့ဆောင်ရေး-ဘုရင့်နောင်)-ဒေါ်တင်အုန်းကြည်တို့၏ သားလတ်
မောင်အောင်ကျော်ဖြိုး B.A (French)
Director (Myanmar Iwatani LPG Trading Co., Ltd)
နှင့်
ရန်ကုန်မြို့၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဋွေး-ဒေါ်နွဲ့နွဲ့ဝင်းတို့၏ သမီးကြီး
မအိမ်ဖြူစင်ဋွေး B.Sc. (Maths) IDCS (NCC, UK), IHDCS (NCC, UK)
Business Administration Diploma Level I & II (ABE, UK)
Director (Myanmar Iwatani LPG Trading Co., Ltd.)

တို့၏ ၂၉-၁၁-၂၀၀၃ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင့်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀-၁၁-၂၀၀၃ရက်နေ့တွင် Sedona Hotel Executive Club တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မော်ကွန်းတင် လက်မှတ်ရေးထိုးပေးကြပါသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ထွန်းနှင့် ဇနီး၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့်ဇနီးတို့အားလည်းကောင်း၊ ၂၉-၁၁-၂၀၀၃ရက်နေ့တွင် Hotel Nikko Royal Lake ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊မင်္ဂလာပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလည်းကောင်း၊ Sedona Hotel နှင့် Hotel Nikko Royal Lake မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကျော်ဖြိုး-မအိမ်ဖြူစင်ဋွေး။**

ကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မယမင်းအေး၊မင်္ဂလာအောင်စံပယ်ပန်းကုံးကို ကိုင်ဆောင်ပေးသော မကေဇင်ထိုက်၊မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသော မနှင်းဖြူဖြူအိ၊ မင်္ဂလာသတို့သားနှင့် သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးကြသော မောင်မိုးမြင့်သိန်းနှင့် မောင်ကျော်လင်းထက်၊ မခင်ကြည်သာနှင့် မနေခြည်သာ၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြသော အေဝမ်းဦးစိုးမြင့်နှင့် တေးသံရှင်များ၊ ပန်းအလှ ပြင်ဆင်ပေးသော Eternal Flowers၊ မိတ်ကပ်နှင့် ဆံပင်အလှ ပြုပြင်ပေးသော မိတ်ကပ်ဆန်နီနှင့်အဖွဲ့၊ မိတ်ကပ်အောင်အောင်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မမြူ(အင်းလျားလမ်း)၊ ဓာတ်ပုံနှင့် ဗီဒီယို ရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့် အဖွဲ့သားများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

မောင်အောင်ကျော်ဖြိုး-မအိမ်ဖြူစင်ဋွေး။

ဝန်ထမ်းအလိုရှိသည်။

1. B.E (Electrical/Mechanical) ကျား (၂) ဦး
2. A.G.T.I (Electrical/Mechanical) ကျား (၃) ဦး
3. T.H.S (၁၀)တန်းအောင် ကျား (၆) ဦး

OTIS Elevators / Escalators

ညောင်ကန်ကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းဝင်မုခ်ဦးနှင့် ရန်ကင်း အေးငြိမ်းရိပ်သာတရားစခန်းဆောင်များအတွက် ငွေလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၉

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ရွှေမြန်မာဟိုတယ်တွင် နိုဝင်ဘာ ၂ ရက် နံနက်က အလှူငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားပြုလုပ်ရာ မန္တလေးမြို့(၈၁)လမ်း၊ (၃၆)လမ်းနှင့်(၃၇)လမ်းကြားနေ အေးမေတ္တာ မြန်မာထမင်းဆိုင်နှင့် ရွှေမြန်မာဟိုတယ်ပိုင်ရှင် ဦးအုန်းမောင်၊ ဒေါ်အေးအေးရီ မိသားစုက စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဝင်မုခ်ဦးအတွက် အလှူငွေကျပ်ငါးသိန်း၊ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေ အရှေ့ဘက်ရှိ ရန်ကင်း အေးငြိမ်းရိပ်သာ တရားစခန်းယောဂီဆောင်များအတွက် အလှူငွေကျပ် ငါးသိန်း၊ ဓမ္မာစရိယဆရာကြီး ဦးဌေးလှိုင် စီစဉ်သော ဓမ္မရသစာအုပ်များအတွက် အလှူငွေကျပ် တစ်သိန်း အသီးသီးပေးအပ်လှူဒါန်းရာ ညောင်ကန်အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီးကိုယ်စား ဆရာဦးမြင့်လင်းနှင့် ရန်ကင်း အေးငြိမ်းရိပ်သာ သဒ္ဓမ္မဇောတိက ဖောင်ဒေးရှင်း (အထက်မြန်မာပြည်) ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က လက်ခံရယူကြသည်။ **(ယာပုံ)** (၁၀၄)

ကောဒသမအကြိမ်(၁၁ကြိမ်) အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဆုရ ပြိုင်ပွဲဝင်အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၉

ကောဒသမအကြိမ် (၁၁)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြသည့် ဆုရရှိသူ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ သင်ကြားပြသပေးသည့် နည်းပြများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာဖြင့် တည်ခင်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်နှင့်ဇနီး၊ စစ်ဒေသမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့်၎င်းတို့၏ဇနီးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ၎င်းတို့၏ဇနီးများ၊ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ရန်ကုန်တိုင်း ကိုယ်စားပြု အနုပညာရှင်များ၊ နည်းပြဆရာ၊ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု၁၀၁ဆု၊ ငွေတံဆိပ်ဆု၆၉ဆု၊ ကြေးတံဆိပ်ဆု ၄၄ ဆု စုစုပေါင်း ၂၁၄ဆုဆွတ်ခူးရရှိသည့် ပြိုင်ပွဲဝင်အနုပညာရှင်များ၊ နည်းပြများနှင့် ရန်ကုန်တိုင်း အောင်နိုင်ရေးအတွက် ပါဝင်ကူညီကြသူများကို ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကောဒသမအကြိမ်(၁၁ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြုဆုရရှိသူများအား ဂုဏ်ပြုဆုငွေကျပ် ၁၀သိန်းကို ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများကိုယ်စား ရန်ကုန်တိုင်း အောင်နိုင်ရေးကော်မတီဝင် ဂီတစာဆို ဦးဂမုန်းက လက်ခံရယူသည်။

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံရာ ဆုရရှိသူများက တေးသီချင်းများဖြင့်ဖျော်ဖြေ တင်ဆက်ခဲ့သည်။ (သတင်းစဉ်)

ဂုဏ်ပြုဆုငွေပေးအပ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကောဒသမအကြိမ် (၁၁ ကြိမ်) အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု ဆုရပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားတွင် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။ (ရန်ကုန်တိုင်း)

မြန်မာ့ဆန်စက် လုပ်ငန်းပြပွဲ-၂၀၀၄ ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်း၍ "မြန်မာ့ဆန်စက် လုပ်ငန်းပြပွဲ-၂၀၀၄ ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ အမှာစကား ပြောကြားသည်

ရှေးဦးစွာ ပြပွဲကျင်းပရေးဦးစီးကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပြပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ ပါဝင်ပြသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ထားရှိရေးတို့နှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ပြပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းက ဖြည့်စွက် အမှာစကားပြောကြားသည်။

ထို့နောက် ပြပွဲ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က ပြပွဲခင်းကျင်းပြသရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များကလုပ်ငန်းကော်မတီအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည် ဆွေးနွေးကြသည်။

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄ ကို ၂၀၀၄ခုနှစ် ဇန်နဝါရီလ အတွင်း ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဇာတ်ဌာန၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)



သနားလိုက်တာ ညီလေးရာနှင့် အခြားဆောင်းပါးများ စာအုပ်ထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၂၉

ဦးမောင်မောင်စိုးတင့် (အငြိမ်းစား သံအမတ်ကြီး) ရေးသားသည့် အတွေးသစ် ဂျာနယ်ပါ ဆောင်းပါးများကို စုစည်း၍ သနားလိုက်တာ ညီလေးရာနှင့် အခြားဆောင်းပါးများ စာအုပ်ကို သလ္လာဝတီစာပေ (၂၄၀)၊ အခန်း(၃) (၂၅)ရပ်ကွက် တောင်ဥက္ကလာပက တန်ဖိုးကျပ် ၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က-ပ)

လူထုအားကစား လှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန လူထုအားကစားနှင့် ပညာပေးဌာနခွဲက ကြီးမှူး၍ ရောင်စုံဓာတ်ပုံ၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံသည် (၁၀" × ၁၂") ဖြစ်သည်။ဆောင်းပါးကို ဖူးစကက် လေးမျက်နှာမှ ခြောက်မျက်နှာထိ ရေးသားနိုင်၍ ဝတ္ထုတိုသည် ဖူးစကက် ငါးမျက်နှာမှ ရှစ်မျက်နှာအထိ ရေးသားနိုင်ပြီး လူမှုရေး ဦးတည်ချက် (၄)ရပ်မှ စတုတ္ထအချက်ဖြစ်သော "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး" အချက်ကို မူတည်၍ ရေးသားရမည်ဖြစ်သည်။ ဝတ္ထု၊ ဆောင်းပါး ခေါင်းစဉ်သည် မိမိကြိုက်နှစ်သက်ရာကို ဖော်ပြနိုင်သည်။ ပြိုင်ပွဲဝင် ဓာတ်ပုံများကို အကန့်အသတ်မရှိ တင်သွင်းနိုင်သည်။

— ဆက်သွယ်နိုင် —

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို ငွေသားဆုများ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင် ဓာတ်ပုံ၊ စာမူများကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၉ရက် နောက်ဆုံးထား၍ ဦးကျော်စိန်သန်း ပြိုင်ပွဲကျင်းပရေးကော်မတီ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ဖုန်း -၃၇၄၅၀၂ အောင်ဆန်း အားကစားပြိုင်ဝင်းသို့ ပေးပို့ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

စာရင်းကိုင်သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၉

အမှတ် ၂၆၈၊ ဒု-ထပ် ပန်းဆိုးတန်းလမ်း (အထက်) ခုံကျော်တံတားအနီးတွင် ဖွင့်လှစ်ထားရှိသော ဆရာဦးအောင်နိုင်၏ Aung Naing LCCI Training Centre တွင် နိုင်ငံတကာ အသိအမှတ်ပြု LCCI စာရင်းကိုင်သင်တန်း Level 1,2,3 တန်းခွဲသစ်များကို ဖွင့်လှစ်မည်။

တန်းခွဲအားလုံးကိုဆရာဦးအောင်နိုင်ကိုယ်တိုင် သင်ကြားလျက်ရှိပြီး တန်းခွဲသစ်များကို ဒီဇင်ဘာ ၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၇၂၁၁၄၃ သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

(၁၇၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဆုမဲ(၂၀၁၁၂)ဆု ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

(၁၇၉)ကြိမ်မြောက် ငွေကျပ် ၅၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက်တွင် အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉ နာရီမှ စတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀တန်ထီ (၁၇၉)ကြိမ်မြောက်တွင် အက္ခရာ ၃၆လုံး ထီစာအုပ် ၂၉၄၅၄၄၈ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ဆု တစ်ဆု၊ ငွေကျပ်သိန်း ၅၀ဆု ၂၉ဆု၊ ငွေကျပ် ၂၅သိန်းဆု ၁၂ဆု၊ ငွေကျပ်ခြောက်သိန်းဆု ၆၆၅ ဆု၊ ငွေကျပ်ငါးသိန်းဆု နှစ်ဆု၊ ငွေကျပ်လေးသိန်းဆု လေးဆု၊ ငွေကျပ်နှစ်သိန်းဆု ၁၅ ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၇၁ ဆု၊ ငွေကျပ်ရှစ်သောင်းဆု ၂၄ ဆု၊ ငွေကျပ်ငါးသောင်းဆု ၁၇၁၀ ဆု၊ ငွေကျပ်လေးသောင်းဆု ၄၆ဆု၊ ငွေကျပ်နှစ်သောင်းဆု ၃၃၃ ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၇၁၀၀ ဆု စုစုပေါင်း ၂၀၁၁၂ ဆု ဖြစ်သည်။

ယခု(၁၇၉)ကြိမ်မြောက် ငွေကျပ် ၅၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဒီဇင်ဘာ ၈ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆုငွေကျပ်ငါးသိန်းနှင့် အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း၊ ရန်ကုန်မြို့

လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အောက်ဖော်ပြပါရာထူးနေရာများ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

(က) ကျွမ်းကျင် (၂) (ကွန်ပျူတာ) ၁၄ နေရာ (ကျပ် ၅၄၀၀–၁၀၀–၅၈၀၀)

(ခ) လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး ၆ နေရာ (ကျပ် ၄၈၀၀–၁၀၀–၅၃၀၀)

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁–၁၂–၂၀၀၃ရက်နေ့တွင် အသက်(၃၀)နှစ်နှင့် ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက်မကျော်ရ။

(ဂ) ကျွမ်းကျင်(၂) (ကွန်ပျူတာ)ရာထူးအတွက် B.C.Sc(သို့) D.C.Sc ဒီပလိုမာရပြီးသူ ဖြစ်ရမည်။ (သို့) အခြားဘွဲ့ရလျှင် ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။ အနည်းဆုံးတစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

(ဃ) လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် (၁၀)တန်းအောင်ပြီး ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။ အနည်းဆုံးတစ်ဆက်တည်း (၃)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ၃၁–၁၂–၂၀၀၃ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။

(က) ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ

(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ)သို့ ခိုင်လုံသောအထောက်အထားတစ်ရပ်ရပ်တင်ပြနိုင်ရမည်။

(ဂ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း။

(ဃ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့်အမျိုးသားမှတ်ပုံတင်အမှတ်ရေးသားရန်)

(င) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခပုံစံ(၂)ဓာတ်ပုံမိတ္တူ(၁)စောင်။

(စ) ဝင်ကြေးငွေ(၁၅ဝိ/–)ပေးသွင်းသည့်ချလန်မူရင်း(သို့)စာတိုက်ငွေပို့လွှာ (Money Order)ပြေစာမူရင်း။

၄။ ဝန်ထမ်းများသည် မိမိတို့လျှောက်လွှာများကို တာဝန်ထမ်းဆောင်ရာဌာန၊ အဖွဲ့အစည်းများမှတစ်ဆင့် ၃၁–၁၂–၂၀၀၃ရက်နေ့ နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနသို့ ပေးပို့ရမည်။ (ကြိုတင်မိတ္တူကို တိုက်ရိုက်ပေးပို့ရမည်။)

၅။ စာမေးပွဲဝင်ကြေးငွေ (ကျပ် ၁၅ဝိ/–)ကို ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)၊ ငွေစာရင်းအမှတ်၊ (အမ်ဒီ–၀၀၁၉၃၆)သို့လည်းကောင်း၊ ကျန်ပြည်နယ်/တိုင်းနှင့် မြို့နယ်များအတွက် သက်ဆိုင်ရာစာတိုက်မှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order)ဖြင့် ပေးသွင်းရမည်။

၆။ အသေးစိတ်အကြောင်းအရာများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုံးချုပ်၊ တယ်လီဖုန်းအမှတ် (၅၂၇၁၂၂)၊ လိုင်းခွဲ(၁၄၅)တွင် စုံစမ်းနိုင်ပါသည်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်(၂၄)နေ
ဦးခင်ရွှေ (C/E, MV Panda II) – ဒေါ်ကြည်ကြည်
တို့၏တစ်ဦးတည်းသောသား

Captain ကြည်ခင် Master (F.G)

Master Mariner, Uniteam Marine Ltd.

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်သာကီလမ်း၊ အမှတ်(၂၂)
ဒုတိယထပ်နေ
ဦးကျော်မြင့်(C.E.I.E, ငြိမ်း) – ဒေါ်နုစိန်ဦးတို့၏သမီးငယ်

မချိုချိုသင်း B.A(English)

တို့သည် တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး ရှေ့မှောက်၌ ၂၇–၁၁–၂၀၀၃နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကြည်ခင် – မချိုချိုသင်း။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(သမီးတော်အလှပြင်ခန်းမ)

၁။ အလှဖန်တီးရှင် (၂) ဦး
၂။ မိတ်ကပ်၊ ဆံထုံး ကျွမ်းကျင်သူ မ (၁) ဦး
၃။ ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်ကျွမ်းကျင်သူ မ (၂) ဦး
၄။ လျှော်၊ သစ်ကျွမ်းကျင်သူ မ (၃) ဦး

စိတ်ဝင်စားသူများသည် မိမိတို့၏ CVနှင့်အတူ ပတ်စပို့အရွယ် ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူတို့ကို ယူဆောင်၍ အမှတ်(၄၃၀)၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ(သမီးတော်အလှပြင်ခန်းမ)သို့ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်လျှောက်ထားနိုင်သည်။ ☎ ၂၉၂၅၀၀

မှတ်ချက်။ ■ အလုပ်သင်များလည်း လျှောက်ထားနိုင်သည်။



"ခေ" တလုံးဆေးတိုက်

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့မှ ဆရာထွန်းနှင့် သမီး ဒေါ်စမ်းစမ်းအေး(တဆ–၀၃၈၂၈)တို့မှ အောက်ပါရောဂါများကို ကုသပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

လိပ်ခေါင်း၊ဂရင်ဂျီနာ၊အနာပဆုပ်၊ ရင်သားကင်ဆာ၊ အကျိတ်အဖုအမျိုးမျိုး၊ မီးယပ်အမျိုးမျိုး၊ ထုံနာကျဉ်နာ၊ လေဘက်နာ၊ ချောင်းဆိုး၊ ပန်းနာရင်ကျပ်၊ မျက်စိရောဂါ၊ သွေးတိုး၊ သွပ်ချာပါဒလေငန်းရောဂါ၊ လေငန်းကြောင့် ရုတ်တရက် စကားမပြောနိုင်သူများ၊ နှလုံးတုန်ရင်ခုန်မူးဝေမောပန်းအိပ်မပျော်သောရောဂါ၊ သွေးမကြာခဏသွင်းနေရသောရောဂါ၊ သွားနာသွားကိုက်၊ ရေစည်းကမ်းပြို၊ ဒါန်ဒစို၊ ကနစို၊ သူငယ်နာ၊ အမျိုးသားများတွင်ဖြစ်တတ်သော အူကျရောဂါများကိုလည်း ကုသပေးနေပါပြီ။

လိပ်ခေါင်းရောဂါအမျိုးမျိုးတို့ကို မခွဲမဖြတ်၊ မပူမစပ် သဘာဝအတိုင်း ပြန်ဝင်သွားအောင် အမြစ်ပြတ်ကုသပေးပြီး၊ အမျိုးသမီးများ ရင်သားကင်ဆာအကျိတ်နှင့် အကျိတ်အမျိုးမျိုးတို့ကိုလည်း မခွဲမဖြတ် အမြစ်ပြတ်ကုသပေးနေပါပြီ။

အမှတ်(၁၉)မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၈၀–၂၃၅၂၄၊ ၀၉–၅၀၀ ၇၉၆၃။



တိုက်ခန်းရောင်းမည်

ဗိုလ်ချုပ်လမ်းမကြီးပေါ် (15'x45') ပထပ်၊ ထောင့်ခန်း၊ ရေ၊ မီးကိုယ်ပိုင် ဖုန်းပါ၊ (ဈေး၊ ကျောင်းနီး၊ နေရာကောင်း) **ဆက်သွယ်ရန်**
ဖုန်း–၃၇၂၂၃၆(ပွဲစားမလို)



အမြန်ဆက်သွယ်ပါ

ရန်ကုန်မြို့တွင်းရှိ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ ဂိုဒေါင်၊ ရောင်းဝယ်ငှားရမ်းလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။
ဖုန်း–၂၂၂၉၂၃၊ ၀၉–၈၀–၂၁၄၇၈။

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

(၁) **Electrical Engineer A.G.T.I EP (or) EC** **ကျား (၂) ဦး**
(မီးစက်အတွေ့အကြုံရှိသူနှင့်ကားမောင်းတတ်သူဦးစားပေးမည်။)
ကြော်ငြာသည့်နေ့မှတစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ လျှောက်ထားနိုင်သည်။ Ph: 579783
၁၂၊ ရောဝတီရိပ်သာ၊ ရောဝတီလမ်း၊ သာကေတကျောက်တိုင်အနီး။

ငှားမည်

ယုဇနဈေးအတွင်း ဆိုင်ခန်းများနှင့်ဈေးအနီး နှင်းဆီလမ်း၊ မြေညီထပ်ငှားမည်။
ဖုန်း–၂၂၇၆၇၉၊ ၂၅၃၅၉၆၊ ၀၉–၉၉–၂၆၈၁၅။





ရောင်းမည်/လဲမည်

Publica, 82 Model မော်ဒယ်နိမ့်ကားများ (Publica, Sunny, KE55, KE30, KE20) တို့နှင့် အလိုက်ယူ၍လဲမည်။
အမှတ်(၃/က)၊ ရန်အောင်လမ်း၊ (၃)ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ခွေးရောင်းမည်

ချန်ပီယံ LORD နှင့် HONEY (TOP GUN + Noi သမီး)တို့၏ Alsation ခွေးသားပေါက်ရပြီ။
၂၅၊ ဘောက်ထော်ဘူတာရုံလမ်း၊ ရန်ကုန်။

(၂၃)နှစ်မြောက် မင်္ဂလာဆုတောင်း

ယုံကြည်မှုတွေကိုမွေးဖွားပေးပြီး ရှေ့ဆောင်လမ်းပြကောင်း တစ်ဦးဖြစ်သော

ချစ်ဖေဖေ ဦးခင်မြင့်

အေးမြလုံခြုံနွေးထွေးတဲ့ အရိပ်အာဝါသတွေကို အမြဲပေးတတ်သော

ချစ်မေမေ ဒေါ်သန်းသန်းဝင်း

တို့ရဲ့ ၃၀–၁၁–၂၀၀၃နေ့မှာ ကျရောက်သော (၂၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးလမ်းကို အတူတကွ လျှောက်လှမ်းနိုင်ပါစေ–––။

ချစ်သမီး–ခင်ရတနာဝင်း။

အောင်သော်တာမှ သီလရှင်ဝတ်စုံလှူပွဲ

သီလရှင်ဘွဲ့ရပ်သာမှ အဘွားများ

သီလရှင်စာသင်သားများအား ဝတ်စုံလှူဒါန်းပွဲနှင့် စာအောင်သီလရှင်ဆုနှင်းသဘင်ကို ၁၃၆၅ခု နတ်တော်လပြည့်ကျော်(၆)ရက် ၁၄–၁၂–၂၀၀၃ တနင်္ဂနွေနေ့ နံနက်၁၀နာရီမှ မွန်းလွဲ၂နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဘိက္ခုနီသာသနာကုန်ဆုံးရခြင်းသည် အလှူရှင်များ၏ အားနည်းချက်ဖြစ်ပါ၍ ယခု ဘိက္ခုနီနွယ်ဝင်–သီလရှင်များ အားနည်းချက်မရှိရအောင်ရိုးရိုးဝတ်စုံတစ်စုံ ကျပ် ၁၅၀၀၊ ၂၀၀၀။ အထူးဝတ်စုံတစ်စုံ ကျပ် ၂၅၀၀ နှုန်းဖြင့် ဝိုင်းဝန်းကူညီအားပေးလှူဒါန်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါ်နန္ဒသီရိ(မွှာစရိယ)
ပဓာန နာယက ဆရာကြီး
ဖုန်း–၆၁၀၅၀၀ (ရွှေပြည်သာမြို့)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

ရန်ကုန်–သန်လျင်တံတားအနီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရဲ့

တိုင်းရင်းသားရိုးရာအိမ်စစ်စစ်တွေပေါ်မှာ
သမိုင်းအစဉ်အလာကြီးမားတဲ့ သွေးချင်းများရဲ့
ဂုဏ်ယူဖွယ်ရာ ဓလေ့ထုံးတမ်း
အစဉ်အလာတွေကို ခံစားကြည့်နိုင်ပြီ

* ကချင်ပြည်နယ်က ခါကာဘိုရာဇီရေခဲတောင်၊ ကယားပြည်နယ်က တောင်ကွဲစေတီ၊ ကရင်ပြည်နယ်က ဇွဲကပင်တောင်၊ ချင်းပြည်နယ်က ရိဒ်ရေကန်၊ မွန်ပြည်နယ်က ကျိုက်ထီးရိုးဘုရား၊ ရခိုင်ပြည်နယ်က ထုက္ကန့်သိမ်နဲ့ ရှမ်းပြည်နယ်က အင်းလေးကန်တွေကို အပျော်စီးကားလေးနဲ့ လည်ပတ်နိုင်ပြီ။
* ရန်ကုန်မြို့တော်နဲ့ ပဲခူးမြစ်ရှုခင်းကို နန်းမြင့်မျှော်စင်ပေါ်က ဆန်းသစ်တဲ့ အပေါ်စီးမြင်ကွင်းက ကြည့်ရှုနိုင်ပြီ၊ ရွှေမြန်မာတို့ရဲ့ ရတနာတန်းဝင် သစ်တောပင်တွေနဲ့ ချစ်စဖွယ်ကျေးငှက်တောတိရစ္ဆာန်တွေကို ကိုယ်တိုင်ကြည့်ရှုနိုင်ပြီ။
* ကမ္ဘာမှာရှားပါးလာပြီဖြစ်တဲ့ ဒီရောက်လမုတောထဲက ဂေဟစနစ်တွေလက်တွေ့သိမြင်လေ့လာနိုင်ပြီ။

ရန်ကုန်မြို့လယ်က (၁၅)မိနစ်ခရီး ရန်ကုန်–သန်လျင်တံတားထိပ်မှာရှိတဲ့

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ဖိတ်ခေါ်ပါတယ်

* သားသား၊ မီးမီးလေးတွေ ဆော့ကစားဖို့ Free Game ကစားကွင်း၊ မိသားစုအပန်းဖြေဖို့ အပန်းဖြေတဲများနဲ့ မိတ်ဆွေအပေါင်းအသင်းတွေ ပျော်ပွဲစားဖို့ သဘာဝအရိပ်ကွင်းတွေရှိတယ်။

နေ့စဉ် ပိတ်ရက်မရှိ၊ နံနက် (၇)နာရီမှ ညနေ(၆)နာရီအထိ
ဝင်ကြေး လူကြီး ကျပ်(၅၀)၊ ကလေး (၂၅)ကျပ်၊ နိုင်ငံခြားသား 3 FEC
မည်သူမဆို ဝင်ရောက်နိုင်ပါသည်။
[အမှတ်–၃၂ နှင့် အမှတ်–၄၉(အဝါ) ကားများ တိုက်ရိုက်ရောက်ပါသည်။]

ခေတ်ပေါ်ကြောင်းလမ်းပြီးစီးခြင်း

သထုံမြို့နေ ဦးစိုးအောင်(ကျောင်းအုပ်ကြီး၊ အထက–၁၊ သထုံ)–ဒေါ်အေးမြင့်ဖေ(ကျန်းမာရေးဆရာမ မိခင်နှင့်ကလေးကျန်းမာရေးဌာန) တို့၏သားကြီး

မောင်ကျော်မင်းသူ A.G.T.I(EP),B.A(History)
Ngee Ann Polytechnic (Singapore),
Supervisor of Keppel Facility and Management Organization
Changi Airport (Singapore)

နှင့်

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြီး)–ဒေါ်အေးသန့် တို့၏သမီးထွေး

မစိုးယုထက်(ခ)ထက်ထက်
[Nanyang Polytechnic (Singapore)]

တို့သည် ၂၃–၁၁–၂၀၀၃နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ ခေတ်ပေါ်ကြောင်းလမ်းပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မင်းသူ–မစိုးယုထက်။





ချိပ်ပိတ်တင်ဒါ ကြော်ငြာ

၁။ **ရောင်းချမည့်ပစ္စည်း** – မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံစက်မှုဇုန်၊ ဗိုလ်တေဇလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၂၂၀+၂၂၁)၊ ဧရိယာ(၀ဒသမ၄၉၈)ဧကရှိ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံ(၃)လုံး

၂။ **တင်ဒါပုံစံဝယ်ယူ/ပေးသွင်းရမည့်ဌာန** – မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ အမှတ်–၂၂၈/၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** –၁၅–၁၂–၂၀၀၃(တနင်္လာနေ့) ညနေ(၄:၀၀)နာရီ

၄။ အသေးစိတ်အချက်အလက်များကို မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)တွင်စုံစမ်းနိုင်ပါသည်။ (ဖုန်း–၂၄၆၇၂၆)

ချိပ်ပိတ်တင်ဒါရောင်းချရေးအဖွဲ့
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)16/MR(MC) 2003-2004	Coil Spring Chart No.89	240 Sets
		Coil Spring Chart No.90	240 Nos
		Coil Spring Chart No.106	240 Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၆–၁–၂၀၀၄ (အင်္ဂါနေ့) (၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၆–၁–၂၀၀၄ (အင်္ဂါနေ့) (၁၄:၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁–၁၂–၂၀၀၃ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂။

ဝန်ထမ်းအလိုရှိသည်

ပြည်တွင်း၌မြန်မာကျပ်ငွေဖြင့်သာခန့်ထားရန်

မြန်မာအဆင့်မြင့်စားသောက်ဆိုင်အတွက် ခန့်ထားရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။	**Chief Cook (မြန်မာအစားအစာ)**	ကျား၊ မ (၂) ဦး
၂။	**Chief Cook (ထိုင်းအစားအစာ)**	ကျား၊ မ (၂) ဦး
၃။	**Second Cook (မြန်မာ၊ ထိုင်း အစားအစာ)**	ကျား၊ မ (၂) ဦး
၄။	**Waiter & Waitress**	ကျား၊ မ (၁၀) ဦး
၅။	**Receptionist**	မ (၂) ဦး

လျှောက်ထားလိုသူတို့သည် ကိုယ်တိုင်ရေး ရာဇဝင်အကျဉ်းချုပ်၊ ဓာတ်ပုံ(၂)ပုံ၊ အောင်မြင်ခဲ့သောပညာရေးအထောက်အထားများ၊ လုပ်ငန်းအတွေ့အကြုံမိတ္တူမှန်များ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာများ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်တကွ လူကိုယ်တိုင်အမြန်ဆုံးလာရောက် လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ အမှတ်စဉ်၂၊ ၄၊ ၅တို့အတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက်ကျွမ်းကျင်မှုနှင့်အင်္ဂလိပ်စကားပြော၊ ထိုင်းစကားပြော၊ နိုင်ငံခြားဘာသာ စကားပြောဆိုနိုင်သူတို့အား ဦးစားပေးခန့်ထားမည်။

ဆက်သွယ်လျှောက်ထားရန်လိပ်စာ–

ပဒုံမာစားသောက်ဆိုင်
အမှတ်(၇၈/၈)အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၃၆၄၈၅။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အခွန်ဌာန

ကြော်ငြာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ဒဂုံမြို့သစ်မြောက်ပိုင်း မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ ဗိုလ်မှူးဗထူးလမ်းဘေးနေရာတွင် ဤကော်မတီ၏ ယာဉ်မောင်းသင် လေ့ကျင့်ကွင်းအသစ်ကို B.O.T စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သို့ပါ၍ အဆိုပါလုပ်ငန်းအတွက် ဆောင်ရွက်လိုသူများရှိပါက ဖော်ပြထားသည့်နေရာအား သွားရောက်ကြည့်ရှုပြီး အဆိုပြုလျှောက်လွှာတင်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက အခွန်ဌာနတွင် စုံစမ်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
အခွန်ဌာန။





သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မရှုတင်[ISN –၀၁၁၁၂]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏ဆန္ဒအတိုင်းပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင် – ဦးခင်မောင်[ISN°– ၀၀၀၃၀]။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။	**ရုံးအဖွဲ့မှူး (ဘွဲ့ရ၊ အသက် ၃၅နှစ်အထက်)**	ကျား (၁) ဦး
၂။	**စာရင်းကိုင်(ကျွမ်းကျင်) (B.Com သို့မဟုတ် C.P.A)**	မ (၅) ဦး
၃။	**ယာဉ်မောင်း(ကျွမ်းကျင်) (ယာဉ်မောင်းသက် ၃နှစ် ရှိရမည်။)**	ကျား (၂) ဦး

လျှောက်ထားသူသည် ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်း၊ မျှော်မှန်းလစာ၊ ထောက်ခံစာမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာနှင့်အတူ မိမိလျှောက်ထားလိုသော ရာထူးကိုဖော်ပြပြီး အောက်ပါလိပ်စာအတိုင်း ပေးပို့လျှောက်ထားနိုင်သည်။

အမှတ်(၂၈၆)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

JOB OPPORTUNITY

(FOR LOCAL SERVICE ONLY)

We distributor of Pharmaceutical & Surgical Products are looking qualified and self motivated Male/ Female candidates for our marketing department with following:

* He / She should be B.Pharmacy or B.Sc graduate
* Age 23-28 yrs
* Good command over English both in speaking and writing
* Having minimum 2-3 yrs experience in related field.
* Able to travel around the country easily

Interested candidates can apply with updated resume, once recent photo, labour registration card and relevant certificates copies to Operation Manager, 702-B, 7th Floor, Dagon Centre, Myinne Gone, Pyi Road within one week after this advertisement.

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ခ/၅၆၄၉ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးမောင်မောင်ထွေး နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၂/သဃက(နိုင်)၁၅၁၂၇၂]က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်(၃၀)အတွင်း ကညန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်။

Top Crown (Physical Fitness Centre)

အမျိုးသမီးကိုယ်ကာယအလှသင်တန်း

ပိန်သူများလှ၊ ဝသူများကျစ်လျစ်၊ လှပသူများကြံ့ခိုင်စေဖို့အတွက် မယ်မြန်မာ၊ အိုလံပစ်မယ်များကိုယ်တိုင် ဦးစီးဖွင့်လှစ်တဲ့ Top Crown အမျိုးသမီး ကိုယ်ကာယအလှသင်တန်းကို **အမှတ်(၄၈)၊ ဗဟိုလမ်းနှင့် မင်းလမ်းထောင့်၊ စမ်းချောင်းမြို့နယ်**တွင် ဖွင့်လှစ်နေပါပြီ။

ခန္ဓာကိုယ်လှပပြီး ကျန်းမာသန်စွမ်းသော အမျိုးသမီးများဖြစ်ချင်ရင် Top Crown သို့လှမ်းခဲ့ပါ။

ဖုန်း-၀၉၅၀ ၂၀၃၉၁၊ ၀၉၅၀၂၀၃၉၄။

အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၁၄)ရုံး၌ ၂၀၀၃ခုနှစ် တရားမအထွေထွေအမှုအမှတ်-၃၅၂

(ကွယ်လွန်သူ ဦးစိုးညွန့်နှင့်ကွယ်လွန်သူ ဦးသန်းလှိုင်တို့ ကျန်ရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊(၂)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၂)နေ ဒေါ်တင်မိုးသက်က ကွယ်လွန်သူ ဦးစိုးညွန့်၏ ဇနီးဖြစ်သည်ဟူ၍ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၂)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးညွန့်၏ ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်းနှင့် ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ) ရပ်ကွက်၊ (ခ-၁)လမ်း၊ အမှတ်(၁)နေ ဒေါ်အေးအေးက ကွယ်လွန်သူ ဦးသန်းလှိုင်၏ ဇနီးဖြစ်သည်ဟူ၍ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ)ရပ်ကွက်၊ (ခ-၁)လမ်း၊ အမှတ်(၁)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းလှိုင်၏ ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း ဤတရားရုံး၌ ပူးတွဲလျှောက်ထားလာသည်ဖြစ်၍ ကွယ်လွန်သူ ဦးစိုးညွန့်နှင့် ကွယ်လွန်သူ ဦးသန်းလှိုင်တို့ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူမည်သူမဆို ဤတရားရုံးသို့ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၅ရက် (၁၃၆၅ခုနှစ် နတ်တော်လပြည့်ကျော်၇ရက်)နေ့ နံနက်၉နာရီတွင် လာရောက်၍ အမှုဆိုင်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ ယင်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်တင်မိုးသက်နှင့် ဒေါ်အေးအေးတို့၏ လျှောက်လွှာကိုကြားနာ၍ အမွေဆက်ခံခွင့် လက်မှတ်ပူးတွဲရသင့်၊ မရသင့် စစ်ဆေးကြားနာ ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁၉ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမင်း
တွဲဖက်တိုင်းတရားသူကြီး(၁၄)
ရန်ကုန်တိုင်းတရားရုံး
ရန်ကုန်မြို့။

လွမ်းဆွတ်သတိရခြင်း

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နာယကကြီး UNITED KARATE & MYANMAR AIKI KAIတို့၏ဖခင် ဆရာကြီး ဦးသောင်းဒင် ကွယ်လွန်ခဲ့သည်မှာ ၅-၁၂-၂၀၀၃နေ့တွင် (၇)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ပါ၍ မိသားစုနှင့်ထပ်တူ တပည့်များက သတိရလျက်ရှိပါသည်။ (ဆရာကြီး၏ ပညာအမွေများကို တပည့်များကလည်း ဆက်လက် ရှင်သန်အောင် ကြိုးစားနေကြပါသည်။)

UNITED KARATE & AIKIDO တပည့်များ။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။



ဘွိုင်လာသန့်သန့်ရောင်းရန်ရှိသည်

8' x 8 1/2' - 2 1/2" TUBE 104 လုံး၊ MARINE BOILER တစ်လုံး ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်- ၀၉၈၀ ၃၁၂၀၃
၀၉၉၉ ၂၃၃၀၁



တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့အမှတ်-29(2A)၊ မပိုလမ်း၊ မြေနီကုန်းနေ ကိုညီညီလွင် [၉/မရမ(နိုင်)၀၁၁၈၉၄] ဘ- ဦးမျိုးလွင်နှင့် ကျွန်မ မအေးအေးငြိမ်း [၉/မနမ(နိုင်)၁၀၂၂၄၉] ဘ- ဦးကျော်ငြိမ်းတို့သည် ၁-၅-၁၉၉၂ရက်နေ့တွင် တရားဝင်လက်ထပ်ခဲ့ပြီး သားတစ်ယောက် ထွန်းကားခဲ့ပါသည်။ ၁၄-၉-၂၀၀၃ရက်နေ့တွင် ကိုညီညီလွင်သည် အိမ်ရှိငွေများယူဆောင်၍ နေအိမ်မှဆင်းသွားခဲ့သော်လည်း ယနေ့တိုင် ကျွန်မနှင့် တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေးပါသဖြင့် ကျွန်မသာလျှင် တရားဝင်ဇနီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မအေးအေးငြိမ်း[၉/မနမ(နိုင်)၁၀၂၂၄၉]။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မသီတာဦး [၉/မနတ(နိုင်)၀၄၆၈၂၀] သည် ၁၀-၇-၂၀၀၃ရက်နေ့တွင် ကျွန်တော်မရှိခိုက် နေအိမ်မှ နှစ်ဦးပိုင်ပစ္စည်းများကို ယူဆောင်၍ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်တော်က လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

မောင်သိန်းမြင့် [YKN°-၀၀၈၆၃၉]
အမှတ်(၄၄၇)၊ မြနန္ဒာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။



သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	ဦးကျော်လွင် + ၂	၁၂/သဃတ(နိုင်)၀၁၄၇၃၄	၂၈၊ ၄ လမ်း	[illegible]	၂၂W	V ၁၄၁	C. Han Gyan & Chan Kim Gwan	[illegible]
၂။	ဒေါ်သည့်ယဉ်	၁၂/ကမတ(နိုင်)၀၁၄၈၆	၁၄၊ ၁၈ လမ်း	လသာ	၂၁ အေ	S ½ of III 15	V. E. A arunachellun Chetty	အမည်ပြောင်း
၃။	ဦးခင်အောင် + ၃	၁၂/မဂတ(နိုင်)၀၃၇၉၉၃	အမှတ် (၃၉၊၂) ၊ ဇမ်ပေယျာလမ်း ၊ ၁၄၊၂ ရပ်ကွက်	တာ/ဥက္ကလာပ	၁၄/၂	၃၈/၁	ဦးလှကြည်	မြေပုံကူး
၄။	ဒေါ်နီတာဝင်း	၁၂/ရကန(နိုင်)၀၂၅၁၈၆	အမှတ်(၂) ၊ သုခမလမ်း ၊ ဆရာစံတောင်ရပ်ကွက်	ဗဟန်း	၃၅ CG	၉၇၅	ဒေါ်အေးအေးသန်း	အမည်ပြောင်း
၅။	ဒေါ်ခင်ဌေးဦး	၁၂/အစန(နိုင်)၀၂၈၇၀၈	မ၄၆၊ က(၂)လမ်း ၊ က/ရပ်ကွက်အင်းစိန်	အင်းစိန်	မြို့သစ်(က)	၉၁	နော် ခူး ဖော	ဂရန်သစ်
၆။	ဒေါ်အေးလွင်လွင်ဦး	၁၂/ဗဟန(နိုင်)၀၅၅၄၁၄	(၂၇/အိုင်)၊ အောင်ဇေယျာလမ်းသွယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်	ဗဟန်း	၃၆ အိုင်	၆၉/၅	ဒေါ်အေးမြင့်(ခေါ်)ဒေါ်မာမာအေး + ၂	အမည်ပြောင်း
၇။	ဒုတိယဗိုလ်မှူးကြီးသန်းထွန်း	၇/အတတ(နိုင်)၀၀၂၇၄၄	၈၊ အင်းအားအခြေခံလေ့ကျင့်ရေးတပ်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း	မ/ဥက္ကလာပ	၁၆/ရွှေပေါက်ကံ	၆၃၆	ဗိုလ်မှူးသန်းထွန်း	ဂရန်သစ်
၈။	ဒေါ်မြင့်မြင့်ဝင်း	၁၃/ကတန(နိုင်)၀၈၅၇၄၂	(၁၅၀)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်း	ဗဟန်း	၃၅ ဘီ	[illegible]	ဒေါ်ကြိန်ရှင်	အမည်ပြောင်း
၉။	ဦးလှမြင့်+၁	၁၂/တမန(နိုင်)၀၀၉၀၇၀	အမှတ် - ၈၄ ဘီ၊ ဆရာစံလမ်းသွယ် ၊ ဗဟန်း	ဗဟန်း	၃၅ ဒီ	[illegible]	ဦးကျော်မျိုးဟန်(ခ)ပီယဟန်	အမည်ပြောင်း
၁၀။	ဦးမောင်မောင်မြင့်+၄	၁၂/ပဘတ(နိုင်)၀၂၀၈၂၅	အမှတ်၃၉ ဓမ္မိကာဝတီလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၈ စီ	၉၃၂	မကြည်တိတ်	မြေပုံကူး
၁၁။	ဦးထွန်းအေး	၁၂/စခန(နိုင်)၀၄၂၅၉၄	၁၂/ဇောတိကလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၉B	၃၈	ဦးထွန်းအေး၊ ဒေါ်ခင်အေးမြင့်	မြေပုံကူး
၁၂။	ဒေါ်ဝင်းနီမင်း	၁၂/ကမတ(နိုင်)၀၀၆၃၆၆	၁၀/၅၁၅၊ အောက်ကြည့်မြင်တိုင်လမ်း	ကြည့်မြင်တိုင်	၂၅ အီး	[illegible]	ဒေါ်ငွေစိန်	မြေပုံကူး
၁၃။	ဦးမောင်မောင်	၉/မထလ(နိုင်) ၂၀၁၃၉၀	၁၃၆၁ ၊ ပျဉ်းမငြိမ်လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၄	၁၃၆၁	ဒေါ်အေးအေးဆောင်	အမည်ပြောင်း
၁၄။	ဒေါ်ရီမာ	၁၂/ကမတ(နိုင်)၀၃၈၂၃၇	၆၃ ၊ ဗိုလ်စောပုလမ်း	ကြည့်မြင်တိုင်	၂၆F	၁၂	ဒေါ်သင်အုန်း	ဂရန်တိုး
၁၅။	ဒေါ်မြမြင့်ရီ + ၁	၁၂/မဂတ(နိုင်)၀၁၀၉၂၀	အမှတ် - ၁၂၉၊ ၃၀ ရပ်ကွက် ၊ သုဝဏ္ဏ	သင်္ဃန်းကျွန်း	၃၀	၁၂၉	ဦးခင်မောင်မြင့်	အမည်ပြောင်း
၁၆။	ဦးစံရွှေ	၁၂/တမန(နိုင်)၀၄၇၉၇၄	အမှတ် - ၁၃၁၀ ၊ ၃၇ ရပ်ကွက် ၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၇	၁၃၁၀	ဦးအောင်ခိုင်ကျော်	ဂရန်သစ်
၁၇။	ဦးသန်းမောင် + ၁	၁၂/သဃက(နိုင်)၀၁၂၄၀၉	ဝိုက်ကလာအနောက်၊ ကမာလမ်း၊ ၂၄ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း	ဒဂုံမြောက်	၃၈	ပ/၄၅	ဦးခင်မောင်ချို +၁	အမည်ပြောင်း
၁၈။	ဦးသန်းဦး	၁၂/ဗဟန(နိုင်)၀၃၄၄၆၅	အမှတ် (၂၂)၊ ဗိုလ်ကျော်ဇောလမ်း ၊ ဗိုလ်စိန်မှန်ရပ်ကွက်	ဗဟန်း	၃၅H	၈၅	ဒေါ်တင်တင်ဝင်း + ၂	အမည်ပြောင်း
၁၉။	ဦးဘသန်း	၁၂/လသန(နိုင်)၀၀၅၉၉၄	၆၂၊ ၆၄၊ ဆိတ်ဒီတန်းလမ်း	လသာ	၂၁ အေ	S Div of II 18	Mi Mi & Mg Po Thet daughter& Son in Law of Mah Myah deceased	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ရောင်းမည်

- 15' x 60' မြေညီ၊H.T၊ ရေ၊ မီးစုံ အာသောကလမ်း၊ကျောက်မြောင်း။
- 25' x 35' ဖလွှာ၊ 2BR၊ ရေ၊ မီး (ပိုင်)ပြည်ရိပ်မွန်၊ ကမာရွတ်။

Ph: 290169



ကျွန်တော်မကြော်ငြာပါ ကျွန်တော်နှင့်တွေ့လျှင်

- * ခါးနာ၊ ဒူးနာနှင့် အရိုးကျိုးပေါင်းတက်သူများ (၁၅)မိနစ်အတွင်း သက်သာစေရမည်။
- * အကြောရောဂါမှန်သမျှကုသပေးမည်။
- * လေဖြတ်မှာ ကြောက်သူများကို ကြိုတင်ကာကွယ်ပေးမည်။

ဦးအေးထွန်း
၅၇၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။

ဘုရား၊ သိမ်၊ ကျောင်း၊ မှော်ရုံဒါယကာကြီး

ဦးကျော်ဝင်း (၆၂)နှစ်

စိန်ဂေဟာ၊ ပါဝါရွှေဆိုင်

ရန်ကုန်မြို့နေ (ဦးဘရှင်)-ဒေါ်စိန်တို့၏ သား၊ မော်လမြိုင်မြို့၊ အင်းဝိုင်းရပ်နေ (ဦးရော့ဝါ-ဒေါ်ဆွန်ဝေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝက်ပါရိပ်သာလမ်းသွယ်၊ ခြံအမှတ်(၅)နေ ဒေါ်လတ်လတ်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထွန်းအောင်ကျော်-မအေးအေးတင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဝေယံထွန်း၊ မောင်ဖြိုးဝေထွန်း၊ မောင်ဝင်းလင်းဖြိုးတို့၏ ချစ်လှစွာသော အဘိုး၊ ဦးဘအောင်-(ဒေါ်စန်းမွေး)၊ (ဦးကြံဝင်း-ဒေါ်ကျင်ဝင်း)၊ ဒေါ်မြင့်မြင့်အေး-ဦးချင်ဖုန်း(မကာအို)တို့၏ ညီ/မောင်၊ (ဒေါ်စိန်ကြူ)-ဦးစိုးမြင့်၊ ဦးအောင်ဝင်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်ခင်စန်းဝင်း-ဦးစိုးလွင်၊ ဒေါ်အေးအေးရီ-ဦးမင်းစိုး၊ ဦးမျိုးဝင်း-ဒေါ်မိုးမိုးလွင်(ခေတ္တ-USA)၊ ဒေါ်ခင်ချို-ဒေါက်တာသန့်ဇင်၊ ဒေါ်ကျင်ထွေး-ဦးကျော်ခိုင်(တောင်ကြီး)၊ ဦးမောင်မောင်ဝင်း-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသော အစ်ကို ဦးကျော်ဝင်းသည် ၂၇-၁၁-၂၀၀၃ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။ စိန်ဂေဟာ(၁၉လမ်းနှင့် လမ်း၂၀ကြား)ရှေ့တွင် ကားများစီစဉ်ထားရှိပြီး နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်စန္ဒီမြင့် (၅၄)နှစ်

ညွှန်ကြားရေးမှူး
MICS အမှတ်(၂)စက်မှုဝန်ကြီးဌာန

(ဦးအောင်မြင့်-ဒေါ်ခင်တင့်)တို့၏ သမီး၊ (ဦးစိုးမောင်-ဒေါ်ညွှန့်ခင်)တို့၏ သမီးချွေးမ၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ တိုက်အမှတ်(၃)၊ အခန်း(၂၀၄)၊ ဝါဝါဝင်းအိမ်ရာနေ ဦးကျော်စိုး (C.L.T)၏ ဇနီး၊ မကြည်နူးဝင်း(2nd MB) Institute of Medicine(1)၏ ချစ်လှစွာသောမိခင် ဒေါ်စန္ဒီမြင့်သည် ၂၇-၁၁-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်ပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်တွင် ၃-၁၂-၂၀၀၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ပြုလုပ်မည့် ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု။

ဦးဇင်မောင်သန့် (၄၁)နှစ်

(ရွှေပေါက်ကံ)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးမျိုးသန့်(မောင်ဆုရှင်)(အငြိမ်းစားအရာရှိ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်စန်းရီတို့၏ သား၊ တောင်ကြီးမြို့နေ ဦးထွန်းအောင်ကျော်-ဒေါက်တာ ဒေါ်ခင်မမညိုတို့၏ သားသမက်၊ ဦးလှသန်း-ဒေါ်အေးမြင့်၊ ဒုတိယဗိုလ်မှူးကြီးခင်မြင့်(လေ၊ငြိမ်း)-ဒေါ်စန်းမြင့်၊ ဦးစိုးလွင်(ဒုတိယပါမောက္ခချုပ်၊ ငြိမ်း) - ဒေါ်အေးကြည်(ပါမောက္ခ၊ ပုသိမ်တက္ကသိုလ်)၊ ဦးမြဟန်-ဒေါ်တင်မာဝေ၊ ဒေါ်တင်ရီ(ပြန်/ဆက်ဦးစီးဌာန)တို့၏ တူ၊ ဦးဝင်းသန့်-ဒေါ်စိုးစိုးဝင်း၊ ဦးစိုးသန့်(မြို့နယ်တရားသူကြီး၊ လယ်ဝေး)-ဒေါ်ခင်နိုင်မြင့်တို့၏ ညီ၊ ဦးချစ်ဖွယ်သန့်(အာရောဂျံပုံနှိပ်တိုက်၊GML Co.,Ltd)-ဒေါ်ယဉ်ယဉ်မြင့်(ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ (ဦးသိန်းဝင်း)-ဒေါ်လှယဉ်သန့်တို့၏အစ်ကို၊အမှတ်(၃၄၄)၊ကုန်းဘောင်လမ်း၊ရွှေပေါက်ကံမြို့နေ ဒေါ်တင်ဇာကျော်(MMRD)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ချစ်ညိုသန့်(အထက-၆၊ ရွှေပေါက်ကံ)၏ ချစ်လှစွာသော ဖခင်၊ မင်းအောင်သန့်၊ ခင်မျိုးမြတ်နိုင်၊ အဥ္ဇလီဝင်းသန့်၊ ဂျေဂျေတို့၏ ဘကြီး ဦးဇင်မောင်သန့်သည် ၂၈-၁၁-၂၀၀၃ရက် ည ၁၁:၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၀၃ (ကြာသပတေးနေ့) နံနက်တွင် ရွှေပေါက်ကံနေအိမ်၌ ရက်လည်ဆွမ်းသွတ် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

နှစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ကိုစိုးကြီး(ခ)ကိုသောင်းထွဋ်စိုး

သား မိသားစုနှင့် ခွဲခွာသွားသည်မှာ ၃၀-၁၁-၂၀၀၃ရက်တွင် နှစ်နှစ် ပြည့်ပါပြီ။ နေ့စဉ် သတိရ လွမ်းဆွတ်လျက်ပါ။ သားအားရည်စူး၍ ပြုလုပ်သော အလှူဒါနများကို အမျှပေးဝေပါသည်၊ သားသာခုခေါ်နိုင်ပြီး မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိပါစေ။

ဖေဖေ-ဦးမြတ်စိုး
မေမေ-ဒေါ်ခင်ထားကြည်နှင့် အစ်မများ၊
ချစ်ဇနီး-မသဇင်
တိုက်(၂)၊ အခန်း(၅၀၂)
အောင်ဇေယျအိမ်ရာ၊ အင်းစိန်။

ဦးမြမောင် (၈၆)နှစ်

(ခြင်းလုံး)၊ (သုံးဆယ်မြို့)

သုံးဆယ်မြို့နေ (ဦးဘိုးကံ-ဒေါ်ဒွေး)တို့၏သား၊ (ဦးသာချို-ဒေါ်ရွှေမြစ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၀၁/ခ)၊ ဇာနည်(၁၀)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်သိန်းရင်)၏ခင်ပွန်း၊ အမှတ် ၂၈၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးခင်မြင့်-ဒေါ်အေးမြင့်၊ အမှတ်-၃၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်မြစိန်၊ ဦးလှရွှေ(အသေးလေး)-ဒေါ်သန်းသန်းဝင်း(ရတနာသိမ်းဗီဒီယိုရိုက်ကူးရေး)တို့၏မွေးသဖခင်၊ ကိုတက်နေထွန်း-မနီလာမြင့်၊ ကိုသန်းနိုင်ထွန်း-မသီရိမြတ်၊ မလဲ့လဲ့ထွန်း၊ မအေးအေးထွန်း၊ ကိုကျော်ထွန်း-မဝင်းဝင်းဆွေ၊ ကိုရဲမင်းဦး-မလှမဥ္ဇူ၊ မမေသဇင်တို့၏ အဘိုး၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၂၈-၁၁-၂၀၀၃ (သောကြာနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာန၌ ကွယ်လွန်သွားပါ၍၃၀-၁၁-၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်များမှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၁၁-၂၀၀၃ ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)၊ ကော်လံ(၆၊၇)ပါ အများသိစေရန် ပြန်လည်ဖြေရှင်းခြင်း (ဒေါ်မာလာသန်း)ကြော်ငြာတွင် မဟာရံမွှေအစား မဟာရံရွှေဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ကျောင်း၊ရဟန်း၊ဒါယကာကြီး

ဦးစိန်လှအောင် (၇၈)နှစ်

(ခရမ်း)

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်နေ (ဦးဘကျော်-ဒေါ်နှင်းမြ)တို့၏ သား၊ (ဦးသာအေး-ဒေါ်အုံးမျှင်)တို့၏ သားသမက်၊ခရမ်းမြို့၊(၈)ရပ်ကွက်နေ ဦးကိုကြီး-(ဒေါ်ဝင်း)တို့၏ညီ/မောင်၊(ဒေါ်စိန်အေး)၊ (ဦးသောင်း)-ဒေါ်တင်အေးတို့၏ အစ်ကို၊ အမှတ်(၁၉၄)၊ မင်းရဲကျော်စွာလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်သောင်း၏ချစ်လှစွာသော ခင်ပွန်း၊ ဦးထွန်းကြည်-(ဒေါ်သန်းကြည်)တို့၏ ညီမောင်၊ ဦးမောင်ရွှေ-ဒေါ်သန်းစိန်တို့၏ အစ်ကို၊ ဦးငွေအောင်-ဒေါ်ကြည်ကြည်လွင်၊ ဦးစိန်ဝင်း - ဒေါ်ခင်နှင်းဆီ၊ ဒေါ်သဇင်အောင်၊ ဦးအောင်နိုင်စိန်-ဒေါ်ခင်စန်းဝင်း၊ ဦးဇော်ဝင်းအောင်-ဒေါ်ခင်စန်းလွင်တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၁ယောက်၊ မြစ် နှစ်ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၈-၁၁-၂၀၀၃ရက် နံနက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂၂၉)၊ မင်္ဂလာသုခလမ်း၊ (၇)ရပ်ကွက်၊ ဦးငွေအောင်-ဒေါ်ကြည်လွင်တို့၏ နေအိမ်မှ အမှတ်(၈)ရပ်ကွက် သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်း၊ဒါယိကာမကြီး

ဒေါ်စန်းမြင့်(ခ)ဒေါ်ခို အသက်(၇၁)နှစ်

(ဖြူး)

ဖြူးမြို့နယ်၊ လက်ပံတန်းကျေးရွာနေ (ဦးစံဝ-ဒေါ်ပန်းအိ)တို့၏ သမီး၊ (ဦးလှဖေ)၏ ဇနီး၊ (ဦးဘိုနီ-ဒေါ်မြကြည်)၊ ဦးအောင်သိန်း-(ဒေါ်ပြုံး)၊ (ဦးစံသိန်း)-ဒေါ်သိုတို့၏ ညီမ၊ ဦးစော်ဘွား-ဒေါ်တင်မြ၊ ဦးဝင်း-ဒေါ်ညွှန့်ရီ၊ ဦးဝင်း-ဒေါ်ခင်သန်းတို့၏ အစ်မ၊ ဗိုလ်ကြီးမောင်မောင်အေး(ငြိမ်း)-ဒေါ်ခင်ခင်နွဲ့၊ ဦးထွန်းအောင်ကျော်-ဒေါ်သန်းသန်းအေး၊ ဦးမောင်မောင်ငွေး-ဒေါ်မာလာရီတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏ အဘွား ဒေါ်ခိုသည် ၂၉-၁၁-၂၀၀၃ရက် (စနေနေ့) ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လှရင် (၇၇)နှစ်

(ဖျာပုံ)

ဖျာပုံမြို့နေ (ဦးစစ်ပင်-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၄)နေ ဦးဝင်းရွှေ၏ ချစ်လှစွာသောဇနီး၊ ဒေါ်ငွေငွေ၊ ကပ္ပတိန်အောင်စိုး-ဒေါ်အေးအေးဝင်း၊ ဒေါ်ရီရီသိန်း(လုပ်ငန်းစစ်၊ ဆသရ၊ ရုံးချုပ်)၊ ဒေါ်ရီရီမြင့်(Planning, Myanmar Brewery. Ltd.)၊ ကိုဗိုလ်ကြည်နိုင် (LIZSTAR)တို့၏ ချစ်လှစွာသောမွေးမိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၉-၁၁-၂၀၀၃ရက် နံနက် ၄:၅၅နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၀၃(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သန်လျင်နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်၍ ရန်ကင်းနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိန် (၇၃)နှစ်

ရုံးအုပ်ကြီး(ငြိမ်း)၊ အင်းစိန်ဆေးရုံကြီး

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၂၇)၊ ထွန်းသီရိ(၅)လမ်း၊ (၃၀)ရပ်ကွက်နေ (ဦးကောက်ရ-ဒေါ်ရွှေသန်း)တို့၏ တစ်ဦးတည်းသော သား၊ ဒေါ်တင့်၏ ခင်ပွန်း၊ ဦးစည်သူကျော်(လှိုင်သာယာဆေးရုံ)၊ ဦးကျော်သူကျော်(B.Sc, Maths)၊ ဒေါ်ဥမ္မာကျော်(ရက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးရဲသွင်(T.T.A.S Co.,Ltd)-ဒေါ်ရူပါကျော်(MRTV-3)၊ ဦးအောင်သူကျော် - ဒေါ်စန်းစန်းမော်(အောင်ဘာလေသိန်းဆုဌာန)၊ မဆုဝေမွန်(ခ) မခိုင်စန္ဒီကျော် (Final Year Maths)တို့၏ ဖခင်၊ မစိမ့်သီရိသွင်(ဒုတိယတန်း၊အမက-၃၊ဗဟန်း)၊ မသိမ့်ဟေသီသွင်၊ မောင်ကောင်းခန့်ဇော်တို့၏ အဘိုးသည် ၂၈-၁၁-၂၀၀၃ရက် ညနေ ၄:၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ရက် ညနေ ၃:၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

လီကတ်စိန်(ခ)ဦးမောင်ကျော် အသက်(၆၄)နှစ်

(ရွှေလောင်းမြို့)

ရွှေလောင်းမြို့၊ သီတာလမ်း၊ အမှတ်(၄၃၅)နေ (ဦးကာမန်း-ဒေါ်အင်းငါး)တို့၏ သားကြီး၊ (ဒေါ်စန်းမြိုင်)၏ ခင်ပွန်း၊ ဦးတက်လီ-(ဒေါ်ကြူစွမ်း)၊ ဦးရောင်ပိုး-ဒေါ်ရှုသန်း၊ ဦးခင်မြ-ဒေါ်ကျင်မှုတို့၏ ညီ/မောင်၊ ဦးစန်းလွင်-ဒေါ်အေးအေးမြင့်၊ကိုစန်းအောင်တို့၏အစ်ကိုကြီး၊မဆွေဆွေသင်း၊ မနုနုယဉ်၊ ဦးဝင်းထွန်း၊ မကြူကြူဝင်း၊ မသင်းသင်းထွေး၊ မသွေသွင်ဦး၊ မမေဇင်ဦး၊ မောင်အောင်မျိုး၊ မောင်စည်သူတို့၏ ချစ်လှစွာသော မွေးသဖခင် ဦးမောင်ကျော်သည် ၂၉-၁၁-၂၀၀၃ရက် နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၀၃ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရွှေလောင်းသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့် (၅၂)နှစ်

ရွှေလီစားတော်ဆက်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၄၇၇/၄၇၈)နေ (ဦးလှအောင်-ဒေါ်ခင်ညွှန့်)၊ သိမ်ကြီးဈေး ဒေါ်ခင်သန်းတို့၏ သားသမက်၊ ဒေါ်ခင်ခင်အေး၏ ခင်ပွန်း၊ ဦးကျော်စိန်-(ဒေါ်ညိမ်းလှ)၊ ဦးမောင်မောင်ကြီး-ဒေါ်ငြိမ်းမြ၊ ဦးစိန်လွင်(လ/ထဌာနမှူး၊ မြို့တော်စည်ပင်)-ဒေါ်ငြိမ်းအေး၏ မောင်၊ ဒေါ်ချိုတေး၏ အစ်ကို၊ ဇော်မျိုးဦး(ခ)သက္ကစံပယ်ဖြူလွင်၊ မောင်ဇော်မျိုးထက်၊ မောင်ဇော်မျိုးထွန်းတို့၏ မွေးသဖခင်သည် ၂၉-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုသက်နိုင်ဦး (၄၃)နှစ်

ကြို့ကုန်းအရှေ့

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၂)လမ်းမြောက်၊ အမှတ်(၁၃၅)နေ (ဦးရွှေ-ဒေါ်လေးဆင့်)တို့၏ သားငယ်၊ ဦးဝင်းတင်-ဒေါ်ခင်ထွေးတို့၏ ညီ/မောင်၊ မောင်တေဇာအောင်(ပထမနှစ်-ဥပဒေ၊ အနောက်ပိုင်းတက္ကသိုလ်)၊ မောင်ရဲကျော်မောင်(X-E၊ အထက-၂၊ အင်းစိန်)၊ မမေမြတ်သူ (IV-A၊ အလက-၄၊ အင်းစိန်)တို့၏ ဦးလေးသည် ၂၈-၁၁-၂၀၀၃ (သောကြာနေ့) နံနက် ၈:၁၀နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) ညနေ ၄:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းတင် (၉၁)နှစ်

ကတိုး-မော်လမြိုင်

မော်လမြိုင်မြို့၊ကတိုးရွာနေ (ဦးအောင်ဒွန်း-ဒေါ်ရွှေနှစ်)တို့၏သမီး၊ နိုင်ထွန်းသိန်း၊ နိုင်အောင်စန်းတို့၏ အစ်မ၊ (ဦးချစ်အေး)၏ဇနီး၊ ဦးမင်းမျိုးမြင့်-ဒေါ်သိန်းတင်၊ ဦးအောင်မျိုးမြင့်-ဒေါ်တင်ဝင်း၊ ဦးအောင်ဝင်း-ဒေါ်သန်းသန်းအေးတို့၏မိခင်၊ မြေး ၁၁ယောက်တို့၏ အဘွား ဒေါ်သောင်းတင်သည် အမှတ်(၆၄)၊ ဗိုလ်လက်ျာလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်တွင် ၂၈-၁၁-၂၀၀၃ (သောကြာနေ့) ည ၉:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယိကာမကြီး

ဒေါ်ကြည်ညွှန့် (၈၂)နှစ်

(မြိတ်)

မြိတ်မြို့၊ ဈေးတန်းရပ်၊ လှည်းထိန်စုလမ်း၊ အမှတ်(၈၈)နေ (ဦးသိန်းအောင်-ဒေါ်ထားမေ)တို့၏ သမီး၊ ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ အမှတ်(၂၃)နေ (ဦးကျော်သိန်း)၏ ဇနီး၊ ဦးမောင်မောင်တိတ်-ဒေါ်ခင်အေးမြင့်၊ ဦးမျိုးသန့်-ဒေါ်ခင်ခင်အေး၊ (ဦးသန်းငွေး)-ဒေါ်ခင်အေးလွင်၊ ဒေါ်ရီရီငွေး၊ ဦးအောင်သန်း-ဒေါ်အင်မူ၊ ဦးမျိုးအောင်-ဒေါ်မြင့်ပို၊ ဦးသန်းဝင်း-ဒေါ်နီလာအေး၊ ဦးမျိုးညွှန့်-ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၇ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၆-၁၁-၂၀၀၃ရက် မွန်းလွဲ ၁၂:၄၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၀၃ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းလွဲ ၁:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှ (၇၄)နှစ်

ဖောင်တော်သီ

ညောင်လေးပင်မြို့နေ (ဦးမောင်မောင်-ဒေါ်ဖွားရှင်)တို့၏သမီး၊ မင်္ဂလာဒုံမြို့နေ (ဦးထွန်းကြိုင်)-ဒေါ်လှစိန်တို့၏ညီမ၊ အမှတ်(၅၀၆)၊ (၁၆)ရပ်ကွက်၊ တောင်ဥလမ်း၊ ရွှေပေါက်ကံမြို့နေ အရာခံဗိုလ်အုံးမြင့်(ငြိမ်း) - ဒေါ်လှလှတို့၏ အစ်မ၊ ဦးစိုးပိုင်(မြို့တော်၊ စည်ပင်)-ဒေါ်ခင်မိမိကျော်(လယ်ယာ၊ထွက်ကုန်)တို့၏ဒေါ်ကြီးသည် ၂၈-၁၁-၂၀၀၃ (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရဟန်းဒါယကာကြီး

ဦးထွန်းမြင့် (၆၉)နှစ်

အမှတ်(၁)စီးကရက်စက်ရုံ(ငြိမ်း)
(တောင်ငူ)

(ဦးသာဇံ-ဒေါ်ပု)တို့၏ သား၊ (ဦးဘိုးထွေး-ဒေါ်ထွန်း)တို့၏ သားသမက်၊ မန္တလေးမြို့နေ (ဦးအေးမောင်)-ဒေါ်နှင်းအေးတို့၏ မောင်/ညီ၊ ရန်ကုန်မြို့နေ ဦးမြသောင်း-ဒေါ်နုကြည်၊ ဦးလှသောင်း-ဒေါ်ရင်ရင်ရွှေ၊ ဦးအုန်းခိုင်-ဒေါ်ထွားတို့၏ အစ်ကိုကြီး၊ အမှတ်(၁)၊ မယ်စိကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ထွေးတင်၏ ခင်ပွန်း၊ ဗိုလ်ကြီးမြင့်ဆွေ(M.E.C ငြိမ်း)-ဒေါ်ကြည်ကြည်သန်း(ထ-၅၊ မင်္ဂလာဒုံ၊ ငြိမ်း)၊ ဦးတင်အောင်-ဒေါ်မြင့်မြင့်ရီ၊ ဦးမြင့်ဇော်-ဒေါ်အေးယုဆွေ၊ ဦးကိုကိုလေး-ဒေါ်ဥမ္မာထွေး၊ မသုဇာဆွေတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၉-၁၁-၂၀၀၃ရက် နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မြိုင် (၄၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ(ဦးစံတင်-ဒေါ်ဝယ်)တို့၏ သား၊ (ဦးကြည်)-ဒေါ်မြငွေ၏သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊(ဌ)ရပ်ကွက်၊ အမှတ်(၅၆၉)၊ စံပယ်(၃)လမ်းနေ ဒေါ်မြတ်မြတ်စိုး(အလက-၇၊ မ/ဥ)၏ ခင်ပွန်း၊ မောင်နေဝင်းခန့်၊ မမွှေးစပယ်၊ မဇီဇဝါတို့၏ဖခင် ဦးအောင်မြိုင်သည် ၂၈-၁၁-၂၀၀၃ရက် နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယကာကြီး

ဦးကျော်သောင်း(၈၈)နှစ်

ကွမ်းရောင်းဝယ်ရေး

ဟသ်ာတမြို့၊ အမှတ်(၂၆၇)၊ ရဲဖြတ်လမ်း၊ ရုံးကြီးရပ်နေ ဦးသိန်းစိုး-ဒေါ်တူးတူး(သိန်းတစ်ရာကွမ်းရောင်းဝယ်ရေး)၊ ဒေါ်နုနုရီ၊ ဒေါ်ပြုံးပြုံးကြည်(ဦးကျော်သောင်းမိသားစု ကွမ်းရောင်းဝယ်ရေး)၊ ဦးစိုးထွဋ်အောင် - ဒေါ်အေးမွန်စန်း(အောင်သီရိဘော်ဒါ)တို့၏ မွေးသဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၂၈-၁၁-၂၀၀၃ (သောကြာနေ့) နံနက် ၁၁:၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၃၀-၁၁-၂၀၀၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဟသ်ာတမြို့ မီးသဂြိုဟ်စက်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ ကျောင်း၊
ရဟန်းဒါယိကာမကြီး

ဒေါ်ထွန်းရီ (၈၅)နှစ်

(ပုလော)

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ကောက်လျှင်လမ်း၊ အမှတ်(၁၈၀)၊ အခန်း(၃)နေ (ဦးမောင်ညွှန့်)၏ ဇနီး၊ ဦးအုန်းလွင်(တွဲဖက်အတွင်းရေးမှူး)-ဒေါ်အေးမြင့်တို့၏ မိခင် ဒေါ်ထွန်းရီသည် ၂၈-၁၁-၂၀၀၃ရက် (သောကြာနေ့)တွင် ကွယ်လွန်ပါ၍ ၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၇:၃၀နာရီတွင် ထွက်မည်။) အမှုဆောင်အဖွဲ့။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယကာ

ဦးတင်အောင်မြင့် (၈၂)နှစ်

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ သဖြူဆိပ်ကျေးရွာနေ (ဦးရွှေအိ-ဒေါ်လှမေ)တို့၏ သား၊ (ဦးဉာဏ်ကွန်-ဒေါ်ငွေဆင်)တို့၏ ညီ၊ (ဦးလှတင်)-ဒေါ်ကျင်ဥတို့၏ မောင်၊ (ဦးတင်မြင့်)-ဒေါ်ခင်ကြည်တို့၏ အစ်ကို၊ အမှတ်(၁၀၃)၊ ရတနာမဥ္ဇူလမ်း၊ (ဆ/က)ရပ်ကွက်နေ (ဒေါ်သန်းလှ)၏ ခင်ပွန်း၊ ဦးမြင့်အောင်-ဒေါ်ခင်ဝင်း၊ ဦးမြင့်မောင်၊ ဦးလွင်ငွေး-ဒေါ်ခင်မြင့်၊ဦးမြင့်ဇော်-ဒေါ်ခင်မော်သန်း၊ ဦးငွေးလင်း-ဒေါ်ခင်နန်းဝေ၊ ဦးအောင်နိုင်-ဒေါ်စန်းယုမော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး၁၂ယောက်တို့၏ အဘိုးသည်၂၇-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၀၃ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်ဒါယကာ

ဦးမြသိန်း (၇၆)နှစ်

ကားရေတိုင်ကီလုပ်ငန်း

ရန်ကုန်မြို့နေ ဦးမောင်ဝ(ခ) ဦးမောင်ဆိုင်-ဒေါ်အုံးတို့၏ သား၊ တွံတေးမြို့နယ်၊ ဝါးရုံဆိပ်ကျေးရွာနေ ဦးဘကျော်-ဒေါ်အေးစိန်တို့၏ သားသမက်၊ အမေစော၊ အမေအုံးတို့၏ မောင်၊ ဦးလှစိန်-ဒေါ်ခင်လှတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၃)နေ ဒေါ်အုံးလှ၏ ခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်စန်းစန်းရီ၊ ဦးသိန်းမြင့်(စည်ပင်-ယာ/အုံ)၊ ဦးငွေးမြင့်-ဒေါ်အေးအေးမာ၊ ဦးစိုးမြင့်(လယ်/သစ်၊ ဘောလုံး)-(ဒေါ်ဥမ္မာ)၊ ဦးမြင့်ကြည်-ဒေါ်ခင်စန်းမြင့်တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး ဦးမြသိန်းသည် ၂၈-၁၁-၂၀၀၃ရက် နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မခင်သန်းဦး (၃၆)နှစ်

အထက(၃)ကျောင်းသူဟောင်း
(ပုသိမ်)

ပုသိမ်မြို့၊ ကန်ကြီးထောင့်မြို့နယ်၊ အညာစုကျေးရွာနေ ဦးကျော်ဝင်း-ဒေါ်ခင်မြင့်လွင်တို့၏ ချစ်လှစွာသော သမီးဦး၊ ရန်ကုန်မြို့၊ တိုက်(၁)၊ အခန်း(၄)၊ ခေမာသီလမ်းမကြီး၊ စာတိုက်ရှေ့၊ (ဆလရဝန်ထမ်း)၊ မ/ဥက္ကလာ ဦးအောင်မိုးဦး၏ ချစ်လှစွာသော ဇနီး၊ မခင်သန်းဝင်း၊ မောင်မျိုးဇော်-မမိုးမိုး၊ ကိုလွင်မြတ်မိုး-မခင်သန်းအေး၊ ကိုကျော်မြင့်-မခင်သန်းငွေးတို့၏ အစ်မကြီး၊ မောင်ရဲသူအောင်(ပ-နှစ်၊မြန်မာစာ)၊ မဆုမြတ်မိုး(ပဥ္စမတန်း-F၊ အထက-၂၊စမ်းချောင်း)တို့၏ ကျေးဇူးရှင် မွေးသမိခင်သည် ၂၇-၁၁-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၅နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံတွင် ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၀၃(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကေတုမာလာမဟာထေရ် သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၇)နှစ်

ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်၊ ကျုံကြခွန်းစံပြကျေးရွာ၊ မဟာသဒ္ဓမ္မဇောတိကာရာမ၊ ပုသိမ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သံဃသမ္မုတိရသံဃကိုယ်စားလှယ်၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဝင်ဟောင်း ကျုံကြခွန်းစံပြကျေးရွာ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဘဒ္ဒန္တ ကေတုမာလာ ဆရာတော်ကြီးသည် (၁၃၆၅ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့) မွန်းလွဲ ၁၂:၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခုနှစ်၊ နတ်တော်လဆန်း ၁၂ရက်)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

(နတ်တော်လဆန်း ၁၀၊ ၁၁ရက် နံနက်တွင် ဖျာပုံသင်္ဘောဆိပ်၌ ကားများ စီစဉ်ထားပါသည်။) ဈာပနကော်မတီ။

အန္တိမအဂ္ဂိဈာပနပူဇာသဘင်

ဘဒ္ဒန္တ ကုန္ဒက

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ(မွှောစရိယ)

သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၇၂)နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မဟာဗောဓိစာသင်တိုက်၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကုန္ဒက မဟာထေရ်သည် (၁၃၆၅ခုနှစ်၊ဝါဆိုလဆန်း ၁၂ရက်) ၁၀-၇-၂၀၀၃ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်)၊ ၁-၂-၂၀၀၄ (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင်ကို ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပရိယတ္တိသဒ္ဓမ္မာရုံကျောင်းတိုက်
လွတ်လပ်ရေးကျောင်း၊ တိုက်အုပ်ဆရာတော်

ဘဒ္ဒန္တ ကုန္ဒောဘာသ သိက္ခာတော်(၄၉)ဝါ၊ သက်တော်(၆၉)နှစ်

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဆရာစံလမ်း၊ ပရိယတ္တိသဒ္ဓမ္မာရုံကျောင်းတိုက်၊ လွတ်လပ်ရေးကျောင်း၊ တိုက်အုပ်ဆရာတော် ဦးကုန္ဒောဘာသသည် ၁၃၆၅ခု၊ နတ်တော်လဆန်း ၅ရက်၊ ၂၈-၁၁-၂၀၀၃ (သောကြာနေ့) ည ၉နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခု နတ်တော်လဆန်း၉ရက်၊ ၂-၁၂-၂၀၀၃ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ် ကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ဈာပနကော်မတီ။

ဒေါ်ကျင်(ယပ်ရှုလန်း) အသက်(၈၈)နှစ်

(ညောင်လေးပင်မြို့)

ညောင်လေးပင်မြို့၊ ဘုရားကြီးလမ်း၊ အမှတ်(၈)နေ (ဦးချွန်တုး)၏ ဇနီး၊ ဦးသိန်းမောင်-ဒေါ်ကျင်မြင့်၊ ဒေါ်ကျင်အေး၊ (ဦးသောင်းတင်)-ဒေါ်သန်းသန်းလှ၊ ဦးမြသောင်း - ဒေါ်ခင်သန်းရီ၊ ဦးမောင်မောင်-ဒေါ်ငွေးရီ၊ ရဲမှူးသန်းငွေး-ဒေါ်မြင့်မြင့်သိန်း၊ ဦးသိန်းဟန်-ဒေါ်ဘိဏု၊ ဦးလှမြင့်-ဒေါ်မြင့်မြင့်ကြည် တို့၏ မွေးသမိခင်၊ မြေး ၃၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၂၇-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၁၁-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင် တရုတ်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူ မိသားစု။

ဒေါ်ညွှန့်ရင် (၈၂)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ဘုရားဖြူကျေးရွာနေ (ဦးဘိုးချစ်-ဒေါ်သင်းယုံ)တို့၏ သမီးကြီး၊ (ဦးရွှေ)၏ ဇနီး၊ (ဦးကျော်ရွှေ)-ဒေါ်တင်သောင်း၊ (ဦးစိုးဝင်း)-ဒေါ်တင်တင်သိန်း(နေလမှန်ဟင်းခါးဖို)၊ ဦးမြင့်ဆွေ-ဒေါ်ခင်သိန်း၊ ဦးတင်ဦး-ဒေါ်အေးမာတို့၏ မိခင်၊ မြေး ၁၉ယောက်၊ မြစ် ၂၀ယောက်တို့၏ အဘွားသည် ၂၈-၁၁-၂၀၀၃ (သောကြာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၄၃၅)၊ ဖြဟ္မစိုရ်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

သူရဇော်(ခ)ဖိုးလပြည့် အသက်(၁၁)နှစ်

(ဦးတင်အောင်)-ဒေါ်ခင်ရွှေ၊ ဦးထွေးမောင်-ဒေါ်မြင့်မြင့်တို့၏ မြေး၊ ရန်ကုန်မြို့၊ အခန်းအမှတ်(၉)၊ တိုက်အမှတ်(၂)၊ တော်ဝင်အိမ်ရာ၊ မြောက်ဒဂုံမြို့နယ်နေ ဦးအောင်နိုင်-ဒေါ်သက်သက်အေး (Seasons of Yangon)တို့၏ တစ်ဦးတည်းသော သား၊ မစုသဥ္ဇာအောင်၏ မောင်သည် ၂၉-၁၁-၂၀၀၃ရက်တွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၀၃ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ဒါယကာကြီး

ဦးတင်မြင့်(ခ)တန်ကော့ဟို အသက်(၇၆)နှစ်

(ကြို့ပင်ကောက်မြို့)

ကြို့ပင်ကောက်မြို့နေ (ဦးမောင်ရန်-ဒေါ်စွန်တီ)တို့၏ သား၊ (ဦးစစ်ဝမ်-ဒေါ်ငွေရှင်)တို့၏ သားသမက်၊ (ဒေါ်အိ)၊ (ဒေါ်သီ)တို့၏ တူ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၁၀၂၈)နေ ဒေါ်စိန်တင်၏ ခင်ပွန်း၊ ဦးစိုးစိုးလွင်-ဒေါက်တာခင်အေးကြူ၊ ဦးမျိုးအောင်-ဒေါက်တာတင်တင်ကြူ၊ ဦးသန်းရွှေ-ဒေါက်တာသန်းသန်းကြူ(တောင်ဥက္ကလာပအမျိုးသမီးနှင့် ကလေးဆေးရုံ)၊ ဦးအောင်မင်းထွန်း-ဒေါ်ငွေငွေမြင့်၊ ဒေါက်တာယဉ်ယဉ်ထွေး(ပြည်သူ့ဆေးရုံ၊ သာယာဝတီမြို့)တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၉-၁၁-၂၀၀၃ရက် နံနက် ၀၀:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၂-၂၀၀၃ရက် နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသက်ထွန်း (၆၂)နှစ်

(A.E) ငြိမ်း
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း-
(လားရှိုး)
Chief Engineer-Solid Builders Co.,Ltd

(ဦးစံညွှန့်-ဒေါ်စောရီ)တို့၏သားကြီး၊ (ဦးတိုးတင်-ဒေါ်သန်းတင်)တို့၏ သားသမက်၊ (ဦးတက်ထွန်း)-ဒေါ်တင်တင်(ခိုင်ရွှေဝါ-ကမာရွတ်)တို့၏ မောင်၊ ဦးဝင်းမောင်(လက်ထောက်မန်နေဂျာ-မွေး၊ စား၊ နို့လုပ်ငန်း)-ဒေါ်ခင်ခင်တိုး(ပျား/မွေး-ငြိမ်း)၊ (ဦးအေးမင်း)တို့၏ အစ်ကိုကြီး၊ ဦးကျော်ကျော်ဦး-ဒေါ်သွယ်သွယ်ထွန်း(Solid Builders Co.,Ltd)တို့၏ဦးလေး၊ လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၂)၊ သစ္စာလမ်းနေ ဒေါ်မြမြသက်(ဆရာမ-ငြိမ်း)၏ခင်ပွန်း၊ မမိုးမိုးစံ၊ မောင်ကျော်ခိုင် (Solid Builders Co.,Ltd)၊ မခင်မာသူ (Win Pacific Co.,Ltd)တို့၏မွေးသဖခင်၊ တူ၊ တူမ ၁၈ ယောက်တို့၏ ဦးလေးသည် ၂၉-၁၁-၂၀၀၃(စနေနေ့) နံနက် ၁:၂၀နာရီတွင် ကွယ်လွန်ပါ၍ ၁-၁၂-၂၀၀၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက် အခန်း(၂)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [Solid Builders Co., Ltd အမှတ်(၅၀၇/၃/ခ)၊ ပြည်ရိပ်သာလမ်း၊ လှည်းတန်း၊ ကမာရွတ်(ရုံး)မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈ ကြေးနန်းလိပ်စာ၊ ကြေးမုံ။ စာတည်းမှူး၊ ၂၈၁၀၃၂၊ စာတည်းမှူးများ၊ ၂၈၁၀၁၂၊ သတင်းစဉ်မှူး၊ ၂၈၁၀၃၃၊ မန်နေဂျာ၊ ၂၈၁၀၃၃၊ စီမံ/ငွေစာရင်း၊ ၂၈၁၀၃၆၊ ဖြန့်ချိရေး၊ ၂၈၁၀၃၀၊ ကြော်ငြာ၊ ၂၈၁၀၃၁၊ ပုံနှိပ်၊ ၂၈၁၀၃၁။ R/184

မြန်မာ–အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးဖြစ်ထွန်းနေသည့်အပြင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများရှိ ၂၀၀၃ခုနှစ်အတွင်း နှစ်နိုင်ငံသဘောတူစာချုပ်ခုနစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့ရာ များစွာအရေးပါ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများဖော်ထုတ်နိုင်ရန် အမြန်အကောင်အထည်ဖော်

ရန်ကုန် နိုဝင်ဘာ ၂၉

အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံချစ်ကြည်ရေး ခရီးစဉ်တွင် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သော အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်ဆင်းရှေခါဝပ်၏ ခရီးစဉ်အတွင်း ဆွေးနွေးညှိနှိုင်းရရှိချက်များ၊ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်များအရ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ဖွယ်ရာများ ဆွေးနွေးညှိနှိုင်းကြမည့် အစည်းအဝေးဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်ဆင်းရှေခါဝပ်သည် မြန်မာနိုင်ငံသို့ ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၂ရက်နေ့မှ ၅ရက်နေ့အထိ လေးရက်ကြာ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၄/၂၀၀၃)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၄/၂၀၀၃)သို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ●